The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ သောကြာနေ့၊ (3-10-2014) (၇၉၈၂)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမန်ပေါင်းစည်းရေးနေ့ သဝဏ်လွှာများ ပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

အောက်တိုဘာ ၃ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ် ထံသို့လည်းကောင်း၊ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ အိန်ဂျလာမာကဲလ် ထံသို့လည်းကောင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘဏ္ဍာရေးကော်မရှင်(၃/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

# ခွင့်ပြုသုံးစွဲငွေများကို စနစ်တကျနှင့် ထိထိရောက်ရောက် အလေအလွင့်မရှိသုံးစွဲကြရန် အထူးအရေးကြီး

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ ဘဏ္ဍာရေးကော်မရှင်၏ (၁/၂၀၁၄) ကြိမ်မြောက်အစည်းအဝေးနှင့် (၂/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးများတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ စာရင်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဆွေးနွေးသုံးသပ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် ထောက်ခံတင်ပြခဲ့ပါကြောင်း၊ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီလမှ ဩဂုတ်လအထိ ငါးလတာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအနေအထားအရ ဘဏ္ဍာငွေရရှိမှုနှင့် သုံးစွဲနိုင်မှုအခြေအနေ၊ ကျန်ခုနစ်လ အတွင်း ထပ်မံရရှိလာနိုင်မှုနှင့် သုံးစွဲရမည့်အခြေအနေတို့ကို ချိန်ဆပြီး ဌာနအဖွဲ့အစည်းများက ထပ်မံလိုအပ်သည့် ငွေများကို ခွဲဝေသတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေ အနေတည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်ရေးအတွက် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးကို ငါးရာခိုင်နှုန်းအောက် တွင် ရှိနေစေရန် မူလခန့်မှန်းခြေစာရင်း ရေးဆွဲရာတွင် သတ်မှတ်ချက်ထားရှိ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ ယခုဘဏ္ဍာရေးနှစ်အတွင်း ဖြည့်စွက်ခွင့်ပြုငွေနှင့် ဖြစ်ပေါ် လာမည့် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းတွင်လည်း ဘတ်ဂျက် လိုငွေနှင့် ဂျီဒီပီအချိုးကို ငါးရာခိုင်နှုန်းအောက်တွင် ရှိစေရန် ထိန်းကျောင်းသတ်မှတ်ဆောင်ရွက်လျက်ရှိပါ ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ခွင့်ပြု သုံးစွဲငွေများကို ပိုမိုတိုးမြှင့်သုံးစွဲပေးရန် လိုအပ်သကဲ့သို့ ရသင့်ရထိုက်သော အခွန်အကောက်များ ပြည့်ပြည့်ဝဝရရှိ စေရေး၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေ တိုးတက်ရရှိစေရေးတို့ကို အလေးထားဆောင်ရွက်ကြရ မည်ဖြစ်ပါကြောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၃/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ *(အပေါ်ပုံ)* နှင့် တက်ရောက်ကြသူများအား တွေ့ရစဉ်။ *(ဝဲပုံ)* (သတင်းစဉ်)



**ကြေးမုံ စာတည်းရှုထောင့်** ၃-၁၀-၂၀၁၄ [သောကြာနေ့]

# သစ်တောသစ်ပင် ကျေးဇူးရှင်

သစ်တောသစ်ပင်သည် လူသားတို့ရှင်သန်မှုအတွက် မရှိမဖြစ် လိုအပ်သည်။ လူသားတို့အသက်ရှည်စွာ နေထိုင်နိုင်မှုအကြောင်းကို သုတေသနပြုရာတွင် သစ်တောများမှာ အဓိကကျသည့်အချက်တစ်ချက်အဖြစ်ပါဝင်သည်။ အကြောင်းရင်းမှာ သစ်တောများတွင် အောက်ဆီဂျင်လှိုင်လှိုင်ပေါ်များနေ၍ ဖြစ်သည်။ အောက်ဆီဂျင်သည် လူသားတို့၏ တစ်နည်းအားဖြင့် သက်ရှိများ၏ သက်စောင့်ဓာတ်ဖြစ်သည်။ ဤအောက်ဆီဂျင်ကို ထုတ်လွှတ်ပေးနေသော သစ်တောသစ်ပင်ဟူသမျှသည် လူသားတို့၏ အသက်သခင်ကျေးဇူးရှင်များပင်ဟု ဆိုထိုက်ပါသည်။

သစ်တောများ၏ လူသားအကျိုးပြုမှုများစွာအနက် အရေးကြီးဆုံးလုပ်ဆောင်ချက်တစ်ခုမှာ ယနေ့ကမ္ဘာမြေကြီးကို ဒုက္ခပေးနေသော ကာဗွန်ဓာတ်ကို ဓာတ်စာအဖြစ် ကြည်ကြည်ဖြူဖြူ လက်ခံချေဖျက်ပေးနေခြင်းဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ သန်း ခုနစ်ထောင်မှရှူထုတ်နေသော ကာဗွန်များအပြင် စက်မှုလုပ်ငန်းစုများမှ အဆမတန်ထုတ်လွှတ်နေသော ကာဗွန်များကိုလည်း မနိုင်ဝန်ထမ်း၊ မနိုင်မနင်းဖြင့် ချေဖျက်ပေးနေရသော ဤသစ်တောများ ရှင်သန်ဖွံ့ဖြိုးတိုးပွားလာစေရေးသည် တာဝန်သိလူသားများ၏ မဟာအရေးတစ်ပါးဖြစ်လာနေပါသည်။

အကြောင်းမှာ ယနေ့ကမ္ဘာတွင် လူသားအကျိုးပြု မိုးသစ်တောများ တဖြည်းဖြည်းပြုန်းတီးလာနေ၍ ဖြစ်ပါသည်။ တောင်အမေရိကတိုက်ရှိ အမေဇုန်သစ်တောကြီးနှင့် အင်ဒိုနီးရှားရှိ သစ်တောကြီးများသည် ကမ္ဘာ့ရာသီဥတုကို ထိန်းညှိပေးနိုင်စွမ်းရှိသည့် သဘာဝမိုးသစ်တောကြီးများဖြစ်သော်လည်း ယခုအခါ ထိန်းမနိုင်သိမ်းမရနှင့် ပြုန်းတီးနေရသည်။ အင်ဒိုနီးရှား သစ်တောများ ခုတ်ထွင်ရှင်းလင်းသည့် ရှို့မီးများဒဏ်ကို စင်ကာပူ၊ မလေးရှား၊ ဘရူနိုင်း နိုင်ငံများကပါ အစားဝင်ခံနေရသည်။ မီးခိုးမြူမှုန်များက ထိုနိုင်ငံများထိ လွှမ်းခြုံအန္တရာယ်ပြုနေဆဲဖြစ်သည်။ အထူးသဖြင့် ပွင့်လင်းရာသီရောက်ပြီဆိုသည်နှင့် အရှေ့တောင်အာရှ နိုင်ငံတချို့တွင် မီးခိုးဖုံးလွှမ်းဒဏ်ကို အနည်း၊ အများခံနေကြရဆဲပါ။

'ဥတုရာသီ တောကိုမှီ၏' ဆောင်ပုဒ်အတိုင်း သစ်တောများကြောင့် ရာသီဥတုညီမျှစေသည်။ ရေချိုအရင်းအမြစ်များကို အုံနှင့်ကျင်းနှင့် စုစည်းပေးသည်။ မြေဆီလွှာများကို ထိန်းသိမ်းပေးသည်။မြေဩဇာများကို ဖွံ့ဖြိုးစေသည့်အပြင် မြစ်၊ ချောင်းများ မတိမ်ကောရအောင်လည်း အကျိုးဆောင်ပေးသည်။

ထို့ပြင် သစ်တောများမှ လူတို့အတွက် စားသုံးကုန်များ၊ ဆေးဝါးများ၊ နေစရာအိမ်ဆောက်ပစ္စည်းများအပြင် နောက်ဆုံးတွင် ထင်းမီးသွေးကအစ အသွေးယူအသားယူ မငြူစူ၊ လိုလေသေးမရှိ အကျိုးဆောင်ပေးသည်။ "လူ့အလိုနတ်မလိုက်နိုင်" ဆိုစကားရှိသည်။ သစ်တောများက လူ့အလိုကို လိုလေသေးမရှိဆိုရလောက်အောင် ဖြည့်ဆည်းပေးသည်။ ထို့ကြောင့် သစ်တောသစ်ပင်များသည် သက်ရှိများ၏ ဘဝအဖော်မွန်၊ လူသားများ၏ ကျေးဇူးရှင်များဟု ဆိုထိုက်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံနှင့်အဝှမ်းမှာ မိုးဦးကျကာလတွင် ယနေ့ထိတိုင် လူတစ်ဦးချင်းမှသည် အစုအဖွဲ့လိုက် သစ်ပင်စိုက်ပျိုး၍ ဝန်းကျင်အလှတိုးဖို့အတွက် အကျိုးဆောင်ပေးနေကြဆဲဖြစ်ပါသည်။ ဤသည်ပင် လူ့အသိနှင့် လူသားပီသမှု လက္ခဏာတစ်ရပ်ပင် ဖြစ်ပါသည်။ တာဝန်ရှိသူများက သစ်ပင်များကို ကိုယ်တိုင်ကိုယ်ကျ စိုက်ပျိုးလျက်ရှိနေကြသည်။ တစ်ဖက်မှာလည်း သစ်တောပြုန်းတီးလာနေမှုကို ကာကွယ်နိုင်ရေး အလေးထားဆောင်ရွက်နေကြရသည်။ စိုက်လိုက်ပျိုးလိုက်၊ တားဆီးကာကွယ်လိုက်နှင့် မနားမနေ လူသားအရေးသို့ အားသွန်ခွန်စိုက်ရှိနေကြသည်။

လောကသဘာဝ အဆိုးအကောင်းရှိစမြဲဖြစ်သည်။ လူသားပီသသူများရှိသလို အမိုက်လူသားများလည်း ရှိစမြဲဖြစ်သည်။ ပန်းပျိုးလက်များရှိသလို ပန်းချိုးလက်များလည်း ရှိပါသည်။ လောကနိယာမဟု ဆိုရမည်။ ရွေးချယ်လက်ခံကျင့်သုံးရမည်မှာ မိမိ၏အသိအမြင်နှင့် ခံယူချက်သာ ပဓာနဖြစ်ပါသည်။

ဆိုရိုးစကားတစ်ခုတွင် တစ်သက်ပျော်ချင်လျှင် ဥယျာဉ်စိုက်ဟု မှတ်သားခဲ့ရဖူးပါသည်။ ထို့ကြောင့် လူသားများတစ်သက်တာပျော်ရွှင်ဖို့အတွက် အမြဲအကျိုးပြုသော သစ်ပင်များကို စိုက်ပျိုးလျှင် လူသားအားလုံးအတွက် ထာဝရ အကျိုးများနိုင်မည်ဖြစ်ပါသည်။ ။

## လူမှုဖူလုံရေးအဖွဲ့၏ ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

လူမှုဖူလုံရေးအဖွဲ့၏ ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့ ပထမအကြိမ် အစည်းအဝေးကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာ၌ ဆေးဘက်ဆိုင်ရာ လူမှုဖူလုံရေး အာမခံအလုပ်သမားများ၏ ရောဂါရှာဖွေရေးနှင့်ဆေးကုသမှုလုပ်ငန်းများနှင့် စဉ်းစားဆုံးဖြတ်ရန် ခက်ခဲသော ကျန်းမာရေးဆိုင်ရာ ပြဿနာများအား ဝိုင်းဝန်းအကြံပြုပေးနိုင်ပါရန်နှင့် လူမှုဖူလုံရေးစီမံကိန်းသည် နိုင်ငံတော်၏ အခြေခံအကျဆုံးဖြစ်သော အလုပ်သမားများဘဝ အာမခံချက်ရရှိရေးကို ဆောင်ရွက်ပေးနေသည့် စီမံကိန်းဖြစ်၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးပြီးနိုင်ငံ အားလုံးတို့တွင် မိမိနိုင်ငံအတွက် စွမ်းအားရှိသရွေ့ လူမှုဖူလုံရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေကြောင်းကို နိုင်ငံတကာ လူမှုဖူလုံရေးအဖွဲ့ဖြစ်သည့် (ISSA) ၏ အစီရင်ခံစာများတွင်တွေ့မြင်နိုင်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်ရန်အတွက် လူမှုဖူလုံရေးစီမံကိန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်အထူးလိုအပ်နေပြီဖြစ်ကြောင်း။

အာမခံ အလုပ်သမားများအား လုပ်ငန်းခွင်အရောက် ကွင်းဆင်းဆေးကုသပေးနိုင်ရန် နယ်လှည့်ဆေးကုသရေးယာဉ် (Mobile Medical Unit) များဖြင့် စက်ရုံအလုပ်ရုံအရောက် ဆေးကုသပေးခြင်းနှင့် ရောဂါရှာဖွေပေးခြင်းများကို ဆောင်ရွက်ပေးနေကြောင်း။

လူမှုဖူလုံရေးအဖွဲ့မှ ဆေးရုံကြီးသုံးရုံနှင့် ဆေးခန်း ၉၃ ခန်းအတွက် လိုအပ်သော ဆရာဝန်များနှင့် သူနာပြုများဖြည့်ဆည်း၍ အာမခံအလုပ်သမားများအား အပြည့်အဝကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြစ်သော Public-Private-Partnership ပုံစံဖြင့် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး လူမှုဖူလုံရေးအဖွဲ့အောက်တွင်ရှိသော အလုပ်သမားဆေးရုံကြီးသုံးရုံအား နိုင်ငံတကာအဆင့်မီဆေးရုံကြီးများအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများကို ဖိတ်ခေါ်ညှိနှိုင်းဆွေးနွေးလျက် ရှိသကဲ့သို့ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှဆရာဝန်ကြီးများနှင့်လည်း အကြံဉာဏ်များ ရယူဆောင်ရွက်လျက်ရှိကြောင်း။

လူမှုဖူလုံရေးစီမံကိန်းသည် အလုပ်သမားများ၏ အကျိုးစီးပွားအတွက် သာမက အလုပ်ရှင်နှင့်အလုပ်သမားများအပါအဝင် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ရည်မှန်းဖော်ဆောင်ထားခြင်းဖြစ်သည့်အတွက် လူမှုဖူလုံရေးဥပဒေသစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်နေသည့် လူမှုဖူလုံရေးအဖွဲ့၏ ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များအနေဖြင့် မျှတကောင်းမွန်သည့် တွေးခေါ်မြော်မြင်မှုများနှင့် အကြံပြုဆွေးနွေးပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့်ပြောကြားသွားသည်။

အဆိုပါအစည်းအဝေးသို့ လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ဖိတ်ကြားထားသည့် ဆရာဝန်ကြီးများ၊ ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များနှင့် လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၉၅၀၀ | - | ၆၅၀၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၄၉၀၀၀ | - | ၆၅၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၉၂.၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၂.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၁.၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀.၆၀၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃.၅၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၀၈၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၀၉.၈၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃.၂၈၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၈.၃၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၉.၄၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်အား လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကိုလံဘီယာသံအမတ် ခန့်အပ်လွှာပေးအပ်



**နေပြည်တော် အောက်တိုဘာ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ကိုလံဘီယာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အန်ဒယ်လ်ဖို ဟိုဆေး ဂါဆီယာ ဂွန်ဇာလက်ဇ်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(ဝဲပုံ)**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဖရန့် ဝေါတာ စတိုင်းမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံ တည်ထောင်သည့် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယွန်ဗြောင်ဆဲထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**



# အိန္ဒိယတစ်နိုင်ငံလုံး သန့်ရှင်းရေး လူထုလှုပ်ရှားမှုအစီအစဉ်စတင်

နယူးဒေလီ အောက်တိုဘာ ၂

**အိန္ဒိယတစ်နိုင်ငံလုံး သန့်ရှင်းရေး လူထုလှုပ်ရှားမှုအစီအစဉ်တစ်ရပ်ကို အောက်တိုဘာ ၂ ရက်တွင် စတင်လိုက်သည်။ ယင်းလှုပ်ရှားမှု အစီအစဉ်စတင်သည့် အထိမ်းအမှတ်အခမ်းအနားကို မြို့တော်နယူးဒေလီ၌ ကျင်းပရာ ဝန်ကြီးချုပ်နရိန္ဒြာမိုဒီနှင့် အစိုးရအထက်တန်း တာဝန်ရှိသူများက တံမြက်စည်းများ ကိုင်ဆောင်ကာ ပါဝင်အင်အားပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။**

လွတ်လပ်ရေး ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ မွေးနေ့ဖြစ်သည့် အောက်တိုဘာ ၂ ရက်တွင် နိုင်ငံလုံးဆိုင်ရာ သန့်ရှင်းရေး လူထုလှုပ်ရှားမှုအစီအစဉ်ကို စတင်လိုက်ခြင်းဖြစ်သည်။ နေအိမ်များနှင့် အများပြည်သူဆိုင်ရာ နေရာများ သန့်ရှင်းသပ်ရပ် သာယာလှပနေစေရေးအတွက် ဦးတည်ဆောင်ရွက်သော လူထုလှုပ်ရှားမှုအစီအစဉ်အရ နိုင်ငံတစ်ဝန်းရှိ ပြည်သူသန်းပေါင်းများစွာနှင့်အတူ ဝန်ကြီးချုပ်မိုဒီက သန့်ရှင်းရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ မိုဒီသည် နယူးဒေလီရှိ ဆင်းရဲသားရပ်ကွက်တစ်ခု၌ တည်ရှိသော လမ်းတစ်လမ်းပေါ်တွင် အစိုးရတာဝန်ရှိသူများ၊ ပြည်သူများနှင့် ကျောင်းသူကျောင်းသားကလေးများနှင့်အတူ တံမြက်စည်းလှည်းခဲ့သည်။

အများပြည်သူဆိုင်ရာ အဆောက်အအုံများ၊ ဥယျာဉ်များနှင့် လမ်းများ သန့်ရှင်းရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် သန့်ရှင်းရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။

အောက်တိုဘာ ၂ရက်သည် လွတ်လပ်ရေး ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ ၁၄၅နှစ်မြောက် မွေးနေ့နှစ်ပတ်လည်နေ့ဖြစ်ပြီး အများပြည်သူအားလပ်ရက်ဖြစ်သည်။

သန့်ရှင်းသောနိုင်ငံ ထူထောင်ရေး လူထုလှုပ်ရှားမှု အစီအစဉ်ကို ငါးနှစ်ကြာ အကောင်အထည်ဖော်မည်ဖြစ်သည်။ **ပီတီအိုင်။**



မြို့တော်နယူးဒေလီရှိ ဆင်းရဲသားရပ်ကွက်တစ်နေရာတွင် တံမြက်စည်းလှည်းနေသော အိန္ဒိယဝန်ကြီးချုပ် မိုဒီအား တွေ့ရစဉ်။

# အာဖဂန်နစ္စတန်တွင် ကဘူးဘဏ်လိမ်လည်မှု သမ္မတသစ် ပြန်လည်စုံစမ်းစစ်ဆေးမည်

**ကဘူး အောက်တိုဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံ၏ သမ္မတအသစ်သည် ကမ္ဘာ့အကြီးဆုံးများအနက်မှ တစ်ခုဖြစ်သည်ဟုဆိုသော ဘဏ်လိမ်လည်မှုအား ပြန်လည်စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကဘူးဘဏ်စုံစမ်းစစ်ဆေးမှု ပြန်လည်ပြုလုပ်ခြင်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ပထမဆုံး ခြေလှမ်းတစ်လှမ်းဖြစ်သည်ဟု အာရှက်ဂါနီက ပြောသည်။

ကဘူးဘဏ်သည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါး ဆုံးရှုံးခဲ့ပြီးနောက် ၂၀၁၀ ခုနှစ် တွင် ပြိုကွဲသွားခဲ့သည်။ ငွေအများစုသည် နိုင်ငံတကာ အလှူရှင်များက အပ်နှံထားသော ငွေများဖြစ်သည်။

ဘဏ်ဝန်ထမ်းအများအပြားကို ထောင်တွင်းသို့ ပို့ခဲ့သော်လည်း အဆိုပါ လိမ်လည်မှုတွင် ပါဝင်ခဲ့ကြသည့် သမ္မတဟောင်း ဟာမစ်ကာဇိုင်း၏ အစ်ကိုများမှာမူ အရေးယူမှုမှ ကင်းလွတ်ခွင့်ရရှိခဲ့ကြသည်။

ခိုးယူခြင်းခံရသည့် ဒေါ်လာ ၉၃၅ သန်းအနက်မှ ဒေါ်လာသန်း ၈၁၀ ယူခဲ့သည့် အမှုအတွက် ယမန်နှစ်က ပြစ်ဒဏ်စီရင်ချက်ချရာတွင် ဘဏ်တည်ထောင်သူ ရှာခန်ဖာနွတ်နှင့် အမှုဆောင်အရာရှိချုပ် (စီအီးအို)ဟောင်း ခါလီလူလာချ် ဖီရိုဇီတို့မှာ ထောင်ဒဏ်ငါးနှစ်စီ အပြစ်ပေးခြင်းခံရသည်။

အဆိုပါ စီရင်ချက်သည် အမှုနှင့် နှိုင်းသော် ပြစ်ဒဏ်မှာ နည်းပါးသည်ဟု အဂတိလိုက်စားမှု စောင့်ကြည့်ရေးအဖွဲ့က ဝေဖန်သည်။

အခြား ၁၈ ဦးမှာ ထောင်ကျခံရသော်လည်း သမ္မတဟောင်း ကာဇိုင်း၏ အစ်ကိုများနှင့် ၎င်း၏ ဒုသမ္မတဟောင်း တစ်ဦးတို့သည် ခိုးယူထားသော ငွေများ ပြန်ပေးခဲ့ကြသဖြင့် တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့် ရရှိခဲ့ကြသည်။

ကမ္ဘာ့ဘဏ်မှ စီးပွားရေးပညာရှင်ဟောင်း ဖြစ်သည့် ဂါနီက ဘဏ်လိမ်လည်မှုကို စုံစမ်းစစ်ဆေးရန် အဖွဲ့သစ်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ မဲဆွယ်စဉ်က အဂတိလိုက်စားမှုများကို တိုက်ဖျက်မည်ဟု ပေးခဲ့သော ကတိကဝတ်ကိုဖြည့်ဆည်းပေးမှာဖြစ်ကြောင်းပြောကြားခဲ့သည်။

**ဘီဘီစီ။**



ဘဏ်လိမ်လည်မှု အရှုပ်တော်ပုံ ပေါ်ပေါက်ခဲ့သော ကဘူးဘဏ်ကိုတွေ့ရစဉ်။

# လွတ်လပ်စွာဆန္ဒထုတ်ဖော်ခြင်းကို ငြိမ်းချမ်းသောနည်းလမ်းဖြင့်သာ ဖြေရှင်းသင့်ကြောင်း တရုတ်အစိုးရတိုက်တွန်း

**ဟောင်ကောင် အောက်တိုဘာ ၂**

ဟောင်ကောင်အစိုးရသည် ဒီမိုကရေစီတောင်းဆိုဆန္ဒပြနေသူများကို ၎င်းတို့အား ထောက်ပံ့ပေးနေသည့် အထောက်အပံ့များလျော့နည်းသွားသည့်တိုင် သို့မဟုတ် ၎င်းတို့၏ လုပ်ရပ်များ အဖျားရှူးသွားသည့်တိုင် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ပြုသည့် လမ်းစဉ်သစ်တစ်ခုကို အောက်တိုဘာ ၂ ရက်နေ့တွင် ချမှတ်လိုက်ပြီဖြစ်သည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူး စီဝိုင်လျန် ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုဆန္ဒထုတ်ဖော်နေကြသည့် ဆန္ဒပြလူစုလူဝေးကို ငြိမ်းချမ်းသောနည်းလမ်းဖြင့်သာ ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း တရုတ်အစိုးရက တိုက်တွန်းထားသည်။

ဟောင်ကောင်အစိုးရသည် ဒီမိုကရေစီတောင်းဆိုဆန္ဒပြသူများကသာ ဆန္ဒထုတ်ဖော်မှုကိုလျှော့ချပေးမည်ဆိုလျှင် ဆန္ဒပြခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ဟောင်ကောင်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သို့သော် ဆန္ဒပြသူများသည် ဟောင်ကောင်အုပ်ချုပ်ရေးမှူး စီဝိုင်လျန်ကို ရာထူးမှနုတ်ထွက်ဖို့ ဆက်လက်တောင်းဆိုနေမည်ဆိုလျှင် ၎င်းတို့၏ တွေ့ဆုံဆွေးနွေးပွဲသည် အချိန်ကြာမြင့်မည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ဟောင်ကောင် ပြဿနာဟာ တရုတ်နိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်ပါတယ်။ နိုင်ငံတကာက တရုတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေးစားသင့်ပါတယ်။ ဒါဟာ နိုင်ငံတကာဆက်ဆံရေး အုပ်ချုပ်မှုရဲ့ အခြေခံစည်းမျဉ်းဖြစ်ပါတယ်"ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဝါရှင်တန်မြို့၌တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ "ဟောင်ကောင် အခြေခံဥပဒေနဲ့အညီ ဆန္ဒထုတ်ဖော်နေသူများကိုလည်း အမေရိကန်နိုင်ငံက ထောက်ခံပါတယ်" ဟု ဂျွန်ကယ်ရီက ပြန်လည်ပြောကြားခဲ့သည်။

ဟောင်ကောင်လမ်းမများပေါ်တွင် ဒီမိုကရေစီတောင်းဆိုဆန္ဒပြနေသည့် ဆန္ဒပြလူစုလူဝေးနှင့် အစိုးရအဆောက်အအုံများကို ဝိုင်းရံထားသည့်လူများကို တရုတ်နိုင်ငံက အောက်တိုဘာ ၂ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။ အာဏာရကွန်မြူနစ်ပါတီ၏ နေ့စဉ်ထုတ်ပြန်ချက်တွင် ဟောင်ကောင်ရဲတပ်ဖွဲ့နှင့် ဟောင်ကောင်အုပ်ချုပ်ရေးမှူး စီဝိုင်လျန်၏ လုပ်ဆောင်ချက်များကို အပြည့်အဝထောက်ခံကြောင်းဖော်ပြထားသည်။ ဥပဒေမဲ့လှုပ်ရှားတောင်းဆိုမှုများသည် ဟောင်ကောင်လူ့အဖွဲ့အစည်းကို ကမောက်ကမဖြစ်သွားစေနိုင်သကဲ့သို့ အစိုးရအဆောက်အအုံများကို ပိတ်ဆို့ဝိုင်းရံထားခြင်းသည် ဆိုးရွားသည့် နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်လာနိုင်ကြောင်း ဟောင်ကောင်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များကို ပြောကြားသည်။

ဆန္ဒပြသူများသည် အောက်တိုဘာ ၂ ရက်ည ၁၂နာရီအချိန်ထိ ဟောင်ကောင် အုပ်ချုပ်ရေးမှူး စီဝိုင်လျန် ရာထူးမှနုတ်ထွက်ခြင်းမရှိသေးလျှင် ၎င်း၏ ရုံးခန်းအပါအဝင် အစိုးရအဆောက်အအုံများကို ဝိုင်းရံထားကြမည်ဟု သန္နိဋ္ဌာန်ပြုထားကြသည်။ ဟောင်ကောင်၏ အဓိကနေရာများကို ပိတ်ဆို့ထားသောဆန္ဒပြသူထောင်ပေါင်းများစွာ၏ လှုပ်ရှားမှုများကို ယခုထက်တိုင် အာဏာပိုင်များအနေဖြင့် ခံနိုင်ရည်ရှိနေဆဲဖြစ်သည်။ ထိုသို့ ရက်သတ္တပတ်ကြာ ဆန္ဒထုတ်ဖော်မှုသည် ၁၉၉၇ ခုနှစ်နောက်ပိုင်း ဗြိတိသျှမှ တရုတ်နိုင်ငံသို့ အာဏာလွှဲပြောင်းခဲ့သည့် အချိန်မှစ၍ အဆိုးရွားဆုံးစိန်ခေါ်မှုဖြစ်သည်။ **ဆင်ဟွာ။**



ဆန္ဒပြနေသူများနှင့် ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံ၌ ကမ္ဘာလှည့်ဧည့်သည်များ လုံခြုံရေး ကိုယ်ရေးမှတ်တမ်းပါ ကတ်ပြားများ ထုတ်ပေးမည်

**ဗန်ကောက် အောက်တိုဘာ ၂**

ထိုင်းနိုင်ငံ၌ ကမ္ဘာ့လှည့်ခရီးသွား ဧည့်သည်များ၏ ဘေးအန္တရာယ် လုံခြုံရေးအတွက် ကိုယ်ရေးမှတ်တမ်းအကျဉ်းပါရှိသော ကတ်ပြားလေးများကို ထုတ်ပေးနိုင်ရန် ခရီးသွားလုပ်ငန်းဦးစီးဌာနက စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂ ရက်တွင် သတင်း ထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၌ စက်တင်ဘာလ အစောပိုင်းက ဗြိတိသျှကမ္ဘာလှည့်ခရီးသည်နှစ်ဦး အသတ်ခံခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လုံခြုံရေးအတွက် ကိုယ်ရေးမှတ်တမ်း ကတ်ပြားစနစ်တစ်ရပ်ကို အသုံးပြုမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အာနူပါဂီဆာဆုဝန်က ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသည်၏ လက်ကောက်ဝတ်တွင် ချိတ်ဆွဲထားရမည့် ကတ်ပြားပေါ်တွင် ၎င်း၏ အမည်၊လူမျိုးနှင့်တည်းခိုသည့် ဟိုတယ်အမည်တို့ကို ဖော်ပြထားမည်ဖြစ်သည်။ ဟိုတယ်များသည် လာရောက်တည်းခိုသော ကမ္ဘာလှည့်ခရီးသည်များအား ယင်းကတ်ပြားငယ်များကို ထုတ်ပေးမည်ဖြစ်ကြောင်း အာနူပါက ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသည်များ ဘေးအန္တရာယ် လုံခြုံရေး အစီအစဉ်တစ်ရပ်အရ ကိုယ်ရေးမှတ်တမ်းကတ်ပြားငယ် ထုတ်ပေးရေးကိစ္စကို ဟိုတယ် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာတွင် ၎င်းတို့က လိုက်နာဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြကြောင်း အာနူပါက ပြောကြားသည်။

ကိုယ်ရေးမှတ်တမ်းကတ်ပြားငယ်၌ ပုဂ္ဂလိက လျှို့ဝှက်ချက်များ ပါရှိမည်မဟုတ်ဘဲ လူဝင်မှုကြီးကြပ်ရေးဌာနက ခရီးသည်များအား ထုတ်ပေးသည့် ပုံစံပေါ်တွင် ပါရှိသော ကိုယ်ရေးအချက်အလက်များကိုသာ ဖော်ပြရန်ဖြစ်သည်ဆို၏။

ကိုယ်ရေးမှတ်တမ်းကတ်ပြားကို လက်ကောက်ဝတ်၌ ချိတ်ဆွဲထားရန်မှာ ခရီးသည်၏ ဆန္ဒနှင့်အညီသာ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အရက်မူးမူးဖြင့် သဲသောင်ပြင်ပေါ် အိပ်ပျော်နေသော ကမ္ဘာ့လှည့် ခရီးသည်များကို ၎င်းတို့ တည်းခိုရာ ဟိုတယ်သို့ ပို့ဆောင်ပေးရန်၊ ဘေးဒုက္ခကျရောက်နေသော ကမ္ဘာ့လှည့် ခရီးသည်ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်ပေးရန် စသည့်ဖြစ်စဉ်များ ပေါ်ပေါက်ချိန်တွင် ယင်းကတ်ပြားပါ သတင်းအချက်အလက်များသည် အရေးကြီးကြောင်း ခရီးသွားလုပ်ငန်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ပီတီအိုင်။**



# သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်အား အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် အာရှသဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာန Asian Disaster Preparedness Center (ADPC) မှ ဥက္ကဋ္ဌ Prof. Dr.Krasae Chanawongse နှင့်အဖွဲ့သည် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံသဘာဝဘေးလျော့ပါးရေးစီမံချက်ကို အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်နေမှုများ၊ အာဆီယံ၊ အာရှသဘာဝဘေး ကြိုတင်ပြင်ဆင်ရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့သော လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် သင်တန်းဖွင့်လှစ်ဆောင်ရွက်နေမှုများ၊ အရေးပေါ် Emergency Operation Centre တည်ထောင်ထားရှိမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ADPC ဘက်ကလည်း ကျေးလက်အခြေပြု လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်စီမံကိန်းနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်စီမံကိန်းများသည် ပြည်သူလူထုအတွက် အကျိုးရှိသော အစီအစဉ်တစ်ခုဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



# အာမေးနီးယန်းဂိုဏ်းချုပ်ဆရာတော်နှင့်အဖွဲ့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ကြည်ညို

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်မြို့၌ လေ့လာရေးခရီး ရောက်ရှိနေသော အာမေးနီးယန်း ဂိုဏ်းချုပ်ဆရာတော် KAREKIN II နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ဂါရဝပြုကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် အာမေးနီးယန်းဂိုဏ်းချုပ်ဆရာတော်သည် ဧည့်ခံတန်ဆောင်းရှိ ရွှေတိဂုံစေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စေတီတော်အား ပန်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်သည်။

ထို့နောက် ဧည့်သည်တော်ဂိုဏ်းချုပ် ဆရာတော်က စေတီတော်အတွက် အလှူငွေအမေရိကန်ဒေါ်လာ ၂၀၀ နှင့် မြန်မာကျပ်ငွေ ၂၃၀၀၀၀ တို့ကို စေတီတော်ဂေါပကအဖွဲ့ဝင် ဒေါက်တာတင်သိန်းလွင်နှင့်အဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဧည့်သည်တော်ဂိုဏ်းချုပ်ဆရာတော်နှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်၊ ပြတိုက်နှင့် မော်ကွန်းဓာတ်ပုံပြခန်းတို့သို့ သွားရောက်လေ့လာကြပြီး သာယာဝတီမင်း ခေါင်းလောင်း၌ ငြိမ်းချမ်းရေးခေါင်းလောင်းတီးခတ်ကာ ရွှေတိဂုံစေတီတော်အား လက်ယာရစ်လှည့်လည်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

■



# စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်


**ရန်ကုန် အောက်တိုဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို အောက်တိုဘာ ၁၀ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးရုံးအမှတ်(၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် Japan External Trade Organization (JETRO) Yangon မှ Executive Managing Director Mr. Masaki Takahara က " Trade and investment relations between Myanmar and Japan" ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပါကြောင်းနှင့် ဖုန်း ၀၁-၂၅၀၈၇၃၊ ၃၇၁၂၁၇ တို့သို့ ဆက်သွယ်မေးမြန်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**












# အဖြူရောင်လေးကို ဆင်မြန်းလို့

တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်)

သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းအောင် ဒါန၊ သီလ၊ ဘာဝနာတရားများ ကျင့်ကြံအားထုတ်ကြရမည်။ ဒါနပါရမီသည် မပါလျှင်မပြီး။ မြန်မာတို့သည် မွေးရာပါ စိတ်ရင်းကောင်းသူများ ဖြစ်ကြသည့်အတွက် ခင်မင်တတ်ကြသည်။ သူတစ်ပါးအပေါ် ကျွေးမွေးလိုစိတ်အားကြီးသည်။ ထို့ပြင် ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်သူများဖြစ်ကြသည့်အတွက် အလှူဟော့ဆိုလျှင် ရှေ့ကလက်မတို့မီကပင် ထည့်ဖို့ပြင်နေကြသူများ ကမ္ဘာမှာ မြန်မာတို့လောက် အလှူအတန်း ရက်ရောသူများ ရှိမည်မထင်။

ဒိုးပတ်၊ အိုးစည်ဝိုင်းများဖြင့် မောင်ရင်လောင်းများ စီတန်းလှည့်လည်လာသည်ကို ကြည့်ရသည်မှာ ကြည်နူးစရာ၊ အလှူမင်္ဂလာပွဲကြီးများတွင် ပြောစည်များ တီးလိုက်ကြသည့်အခါ ထကသူက၊ဝမ်းသာလွန်းလို့ မျက်ရည်ကျသူက ကျ၊ အလှူနှင့်ဂီတတို့သည် လွန်စွာလိုက်ဖက်ညီလှသည်။ ယခုတစ်ဖန် အလှူခံအဖွဲ့များနှင့် အတွဲအဖက်ညီလှသည့် သီချင်းတစ်ပုဒ်ပေါ်လာပြန်သည်။ သီချင်းအမည်က "အလှူခံပါဗျို့"။ ထိုအမည်ကြားရုံဖြင့် အများသိပြီးဖြစ်သည်။ သီချင်းက ရိုရိုးစင်းစင်း၊ ရှင်းရှင်းလေး၊ အတွန့်အကွန့်မပါ၊ အဓိပ္ပါယ်လည်း ပြည့်စုံပေါ်လွင်၏။ ရည်ရွယ်ချက် မရှိသော်လည်း လှူလိုစိတ်များ ဖြစ်ပေါ်လာအောင် ထိုသီချင်းသည် နှိုးဆော်နိုင်စွမ်းရှိသည်။ သို့ဖြစ်၍အချိန်တိုအတွင်း ထိုသီချင်းသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့အောင်မြင် ကျော်ကြားသွားလေတော့သည်။

အရောင်တွေထဲတွင် အဖြူရောင်သည် သန့်ရှင်းစင်ကြယ်သည့်အသွင်ကို ဆောင်၏။ အချို့နေရာများတွင် အနက်ရောင်၊ အနီရောင်သုံးမည်ဆိုက သင့်၊ မသင့်စဉ်းစားရသည်။ အဖြူရောင်သည် ထိုသို့စဉ်းစားရန်မလို။ မည်သည့်အရောင်နှင့်မဆို တွဲဖက်၍လည်း အဆင်ပြေသည်။ ထိုသဘောပင်၊ ကိုယ်ပိုင်အချိန်များကိုဖဲ့၍ အများအကျိုးဆောင်သည့် အလှူခံများ၏ မွန်မြတ်သောစိတ်ကို အဖြူရောင်ဖြင့် တင်စားပြခြင်းသည် အသင့်လျော်ဆုံး။ သို့ဖြစ်၍ ရှေးခေတ်အဆက်ဆက်မှသည် ယနေ့တိုင် အလှူခံအဖွဲ့များကို အဖြူရောင်ဝတ်စုံသာ ဆင်မြန်းပေးလေ့ရှိ၏။

ရုပ်ရှင်တစ်ကားကောင်းလျှင် ဒါရိုက်တာ၊ မင်းသား၊ မင်းသမီး ဘယ်သူလဲ သိချင်ကြသလို တေးတစ်ပုဒ်ကောင်းပြန်ပါက တေးရေး၊ တေးဆို ဘယ်သူလဲ သိချင်ကြပေလိမ့်မည်။ "အလှူခံပါဗျို့"သီချင်းမှာ အလွန်နာမည်ကြီးနေသော်လည်း တေးရေး၊ တေးဆို ဘယ်သူတွေမှန်းမသိ၊ ရေးသူ၊ဆိုသူတွေကလည်း ဓမ္မဒါန အသုံးတည့်ရေးကိုသာ ဦးစားပေးသည်။ နာမည်ရရေး၊ နာမည်ကြီးရေး ရှေ့တန်းမတင်။ သို့ဖြစ်၍လည်း တေးရေး၊ တေးဆိုကို မသိကြခြင်းဖြစ်သည်။စာရေးသူ၏ သူငယ်ချင်း တေးရေး မင်းထက်သာ၏ ဆက်သွယ်ပေးမှုဖြင့် သီချင်း ရှင်များနှင့် ဆုံတွေ့ပြီး သိရှိလိုက်ရသည်မှာ---

**"အလှူခံပါဗျို့" တေးလက်ရာရှင် ကြည်ဝင်း(စက်မှုဇုန်)**

ရန်ကုန်ဇာတိ ဦးတင်အောင်နှင့် ဒေါ်ညိုတို့က (၁၇-၆-၁၉၆၃) ရက်နေ့တွင် မွေးဖွားခဲ့သည်။ ငယ်စဉ်က အဆိုဝါသနာပါပြီး အချိန်ရရင် ဂီတာတီးလေ့ရှိ၏။ ROCK အပြင်းစားဂီတများကို လွန်စွာနှစ်ခြိုက်ခဲ့သူ။ ၁၉၈၇-၈၈ ခုနှစ် ပထဝီဘာသာအဓိက တက္ကသိုလ်ကျောင်းသားဘဝမှာပင် တေးဆို(မိုက်ကယ်)အမည်ဖြင့် "အရှုံးထင်ပါစေ" အပြင်းစားတေးစီးရီးထုတ်ခဲ့သည်။ ထို့နောက် စီးပွားရေးလောကတွင် လုံးပန်းနေခဲ့ရသည့်အတွက် ဂီတဖြင့် အလှမ်းဝေးခဲ့သည်။ ဘဝအတွေ့အကြုံ ရင့်ကျက်လာသည့်အခါ ဘာသာရေးဘက် အားသန်လာပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၁)ဈေး"ပဌာန်းမြတ်ဂုဏ်ရည်" ဆွမ်းလောင်းဓမ္မာရုံတွင် အကျိုးဆောင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဓမ္မဒါနကုသိုလ်ယူရင်း တွေ့ကြုံရသည်များအပေါ် အခြေခံ၍ ဘာသာ၊သာသနာအကျိုးပြုတေးများရေးစပ်ချင်လာသည်။ သို့သော် စိတ်ကူးသာရှိ၍ လက်တွေ့မရေးဖြစ်။ ထိုစဉ် အလှူခံထွက်ဖို့ လူစုရသည့် အခက်အခဲ မကြာခဏ ကြုံလာသည်။ အလှူခံလိုက်မည့်သူအများစုသည် ဈေးသူဈေးသား ဖြစ်ကြ၍ ထွက်ကြည့်ရာ လူစုရလွယ်ပြီး အလှူခံငွေများသည် ယခင်ကထက် ပိုရသည်။ ထိုအဆင့်ထက်ပိုမစဉ်းစားခဲ့။ သို့သော် ကြားရသူတိုင်းက ကြိုက်နှစ်သက်ကြသည့်အတွက် တောင်းဆိုကြရာ အခွေကြမ်းကို မကြာခဏ ပွားပေးရသည်။ ထိုသို့ဖြင့်လည်း မပြီးသေး၊ နောက်ဆုံးဆန္ဒရှိသူများအားလုံးသုံးပါစေဆိုသော ရည်ရွယ်ချက်ဖြင့် မိတ္တူများကူးပေးပြန်ရာ ကူးမလောက်နိုင်။ ထပ်ကူး၍ ယခင်နှစ် တန်ဆောင်တိုင်က နီးစပ်သူများသို့ ဖြန့်ဝေပေးခဲ့ပြီးရသမျှ အကျိုးအမြတ်ကို "တံတွေး-တမာတကော-ချောင်းဝ ဘုန်းတော်ကြီးကျောင်း"သို့ လှူဒါန်းခဲ့ပါသည်။ ယခုအခါ အနယ်နယ်အရပ်ရပ်ကပါ တောင်းဆိုလာပြန်သည့်အတွက် တတ်နိုင်၍တော့မဟုတ်၊ ကြိုးစား၍ "မြန်မာတို့ရဲ့ အလှူခံနှင့်အလှူခံပါဗျို့" ဒီဗွီဒီ၊ ကာရာအိုကေတေးစီးရီးခွေကို ထုတ်လုပ်ခဲ့ပြီး (၃-၉-၂၀၁၄)ရက်မှစ၍ "ရတနာစိန်"ဗီဒီယိုထုတ်လုပ်



မအားကြ။ ထိုအခက်အခဲကို ဂီတဖြင့် စည်းရုံးရန် အဆိုပြုလာသူက ဝေမိုး၊ ရေးမည်ကြံစဉ် စီးပွားရေးကိစ္စဖြင့် နေပြည်တော်ဘက်သို့ ရထားဖြင့် ခရီးထွက်ခဲ့ရသည်။ ရထားပေါ်၌ အနားယူနေစဉ် စည်းချက်မှန်စွာ ပေါ်ထွက်နေသည့် "ဂျုန်း--ဂျက်ဂျက်"၊ ဘီးလိမ့်သံက "ဒုန်း--ချပ်ချပ်" တိုင်ပင်ပေးနေသလို နားထဲစွဲထင်လာသည်။ ရထားကြီးက "ကြည်ဝင်းရေ--မင်းသီချင်းရေးတော့ကွာ" ဟု ပြောနေသယောင်။ သို့နှင့် စိတ်ပါလာပြီး သီချင်းကောက်ရေးရာ စိတ်အစဉ်ဝယ် ဓမ္မာရုံမှ အလှူခံသည့်ပုံရိပ်များသည် ရုပ်ရှင်ပြနေသလို တရေးရေး ပေါ်ပေါက်လာပြီး နေပြည်တော်သို့ ရထားဆိုက်သည်နှင့် "အလှူခံပါဗျို့" သီချင်းပြီးလေသည်။

ရန်ကုန်ပြန်ရောက်ရောက်ခြင်း ဝေမိုးနှင့် တိုင်ပင်၊ Key Board နှင့် ဂစ်တာတစ်လက်တို့ဖြင့် အမြန်ဆုံး အခွေကြမ်းထွက်ခဲ့သည်။ ထိုအခွေကြမ်းဖွင့်ပြီး အလှူခံဈေးမှ တစ်ပြည်လုံးသို့ ဖြန့်ချိခဲ့သည်။ ဖန်တီးသူ ကြည်ဝင်း (စက်မှုဇုန်)၏ ပရိသတ်သို့ မေတ္တာရပ်ခံသည့် ရင်တွင်းစကားမှာ "အကျိုးအမြတ်ရရေးမဟုတ်၊ ဓမ္မဒါနအဖြစ် ရည်ရွယ် ထုတ်လုပ်ပါသည်။ ရှေ့သို့ဆက်၍လည်း ဘာသာ၊ သာသနာအကျိုးအတွက် ဂီတဖြင့် ပူဇော်လိုသည်။ ကျေးဇူးပြုပြီး မူရင်းအခွေများကို အားပေးကြပါ"ဟူ၍---။

**"မင်္ဂလာပါဗျို့" တေးသံရှင်ဝေမိုး(K-B)**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ညောင်ရွာဇာတိ ၁၉၇၄ ခုနှစ်တွင် မွေးဖွားသည်။ ငယ်စဉ်ကတည်းက ဂီတဝါသနာပါသူ၊ ဖခင် ဦးကျော်ရှင်းတည်ထောင်သည့် "တေးချစ်သူ"တေးဂီတအဖွဲ့တွင် လိုက်ပါပြီး သန်းထွန်းလေး၏ သီချင်းများကို သီဆိုခဲ့သည်။ ၁၉၈၄-၈၅ ခုနှစ်တွင်"စမ်းရေစီးသံ"ကာလပေါ်အဖွဲ့မှ တေးရေး မိုးခင်ကျော်၏လက်ရာ"ရောင်နီပေါ်ထွန်း ပန်းလှိုင်ကျွန်း" သီချင်းဖြင့် မြန်မာအသံဓာတ်ပြားရခဲ့သည်။ ဝါသနာအရ မယ်ဒလင်နှင့် Key Board တီးခတ်လေ့ရှိပြီး ဂီတမှူးအဖြစ်နှင့် "သဟာဆွေ" တေးဂီတအဖွဲ့ကို တည်ထောင်ကာ ဘာသာရေး၊ ရပ်ရေး၊ ရွာရေးများတွင် ဓမ္မတေးများကို အဓိကထား တီးခတ်သီဆိုဖျော်ဖြေလျက်ရှိ၏။ Electronic & Audio Service လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး အချိန်လု၍ "ပဌာန်းမြတ်ဂုဏ်ရည်"ဆွမ်းလောင်းဓမ္မာရုံ အကျိုးဆောင်။ ထို့ပြင်မက"ဗုဒ္ဓအမွေ" နှင့် "ဒါနအိမ်" တေးစီးရီး၊ စီဒီခွေနှစ်ခွေကိုလည်း ထုတ်လုပ်ခဲ့သည်။ "မြန်မာ့ရိုးရာအလှူခံနှင့်အလှူခံပါဗျို့" ဒီဗွီဒီကာရာအိုကေစီးရီးတွင်လည်း တေးရေး ကြည်ဝင်း(စက်မှုဇုန်)၏ ရေးဖွဲ့ဟန်များနှင့် သူ၏သီဆိုပုံတို့ကို ပရိသတ်များ တဝကြီး နားဆင်ကြရမည်ဖြစ်သည်။

သီချင်းတစ်ပုဒ် ပရိသတ်အများ လက်ခံဖို့ဆိုသည်မှာ လွယ်ကူသော အရာမဟုတ်။ ပေါ်လစီသီချင်း၊ ဓမ္မသီချင်းများဖြင့် အောင်မြင်ရန်ပို၍ခဲယဉ်းသည်။ "မင်္ဂလာပါဗျို့" သီချင်းသည် စနစ်တကျ အချိန်ယူ၍ ဝိုင်းစုံဖြင့် စတူဒီယိုတွင် သွင်းထားခြင်းလည်းမဟုတ်၊ တေးရေး၊ တေးဆိုများကလည်း နာမည်ရပြီးသား ဝါရင့်၊ သမ္မာရင့် ဂီတပညာရှင်များလည်းမဟုတ်၊ ကျဲကျဲလေးဖန်တီးမှုသည် ပရိသတ်အကြား သဲသဲမဲမဲ ဖြစ်ခဲ့ရသည်။ အံ့ဩဖို့တော့ကောင်း၏။ စေတနာသည် ကံမည်ပါ၏။ ကံ၊ဉာဏ်၊ ဝီရိယသုံးဘက်လှသည့်အပြင် သဒ္ဓါအရာမှာ ထိပ်တန်းမို့ အောင်ပန်းဆွတ်ခဲ့သည်ဟု ဆိုချင်သည်။ စနစ်တကျ စိတ်ကြိုက်ဖန်တီးထားသည့် "မြန်မာတို့ရဲ့ အလှူခံပါဗျို့" ဒီဗွီဒီကာရာအိုကေခွေကိုတော့ ပရိသတ်များ တိုး၍ အားပေးကြမည်ဟု ယုံကြည်ပါသည်။

ဤဆောင်းပါးရေးအပြီး တိုက်တိုက်ဆိုင်ဆိုင် ဘုရင့်နောင်လမ်းမကြီးအတိုင်း အလှူခံတစ်ဖွဲ့လှည့်လာသည်။ အခွေဖြင့် ဖွင့်ခြင်းမဟုတ်၊ တီးဝိုင်းလည်း ပါသည်။ ဆိုင်းသံကြား မနေနိုင်သူများ ထွက်ကြည့်ကြသည်။ စာရေးသူလည်း အပါအဝင် ရှေ့ပိုင်းအဖြူရောင်တူညီဝတ်စုံများ ဆင်မြန်းထားသည့် အလှူခံများက ငွေဖလားလေးတွေကိုယ်စီပိုက်၍ လမ်းဘေးဝဲယာလှည့်လည် အလှူခံကြသလို နောက်မှ တဖြည်းဖြည်းချင်း ဘီးလှိမ့်လိုက်ပါလာသည့် ဒိုင်နာကားပေါ်မှ တီးဝိုင်းကလည်း အတီးကောင်း၊ အဆိုကောင်း ဆိုချလာသည်က "ငွေဖလားကိုယ်စီဆွဲကိုင်လို့ ×ခမောက်လေးဆောင်းကာ လျှောက်မယ်ဗျို့× အလှူရှင်ထံသို့× အရောက်လာမယ်ဗျို့× ကြေးစည်သံအချက်လေးပေးလို့× နိဗ္ဗာန်ကိုသူအရောက်ပို့×(ငွေဖလားလေးကိုသူခလောက်လို့)၂ × အသံကုန်ဟစ်ကာ×ကာယကံမေတ္တာ× ပြုံးလို့ရွှင်လို့× ကလို့ခုန်လို့× အလှူခံပါဗျို့" စာရေးသူလည်း ကြည့်နေရာမှ သီချင်းသံဝယ်နစ်မျောသွားပြီး ခန္ဓာကိုယ်သည် လမ်းဘေး၌ ကျောက်ရုပ်လို ကျန်ရှိကာ စိတ်အစဉ်သည် အလှူခံအဖွဲ့နောက်သို့ တကောက်ကောက် လိုက်ပါသွားလေတော့သည်။ ။

1600Sqft, 2MB, 1BB, Fully Furnished,
1500Sqft
1000 Sqft, Hall Type
09 5083539, 73153362






## လွှတ်တော်ရေးရာ

### ❍ ပြည်သူ့လွှတ်တော်မှ

၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ငါးနှစ်စီ အပိုင်း (၃)ပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ဘိန်းစိုက်ပျိုးမှု ပြန်လည်မြင့်တက်လာခြင်း၊ စိတ်ကြွဆေးဝါးသုံးစွဲမှု ပြဿနာများမှာ လူငယ်လူထုအတွင်း ပိုမိုပျံ့နှံ့လာခြင်းနှင့် အခြားစိတ်ကြွဆေးဝါးများပေါ် ထွက်လာခြင်းအခြေအနေများကို ထိန်းချုပ်နိုင်ရန် စီမံကိန်းကာလအား ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ နောက်ထပ် ငါးနှစ်သက်တမ်းထပ်မံတိုးမြှင့်ခဲ့ပါကြောင်း၊ နောက်ထပ် ငါးနှစ်စီမံကိန်းတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့်အခြားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးစသည့်ကဏ္ဍပေါင်းစုံကို ဘိန်းအဓိကစိုက်ပျိုးရာဒေသများဖြစ်သည့် ရှမ်းပြည်နယ်တွင် မြို့နယ် ၄၀၊ ကချင်ပြည်နယ်တွင် (၆)မြို့နယ်၊ ကယားပြည်နယ်တွင် (၃)မြို့နယ်၊ ချင်းပြည်နယ်တွင် (၂)မြို့နယ် စုစုပေါင်း ၅၁ မြို့နယ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မူးယစ်ဆေးစွဲကုသရေးစီမံချက်အနေဖြင့် မူးယစ်ဆေးစွဲကုဌာနများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့်အပြင် HIV/AIDS ကဲ့သို့သော ကူးစက်ရောဂါများ မူးယစ်ဆေးဝါးသုံးစွဲမှုမှတစ်ဆင့် မပြန့်ပွားစေရေးအတွက် မူးယစ်ဆေးသုံးစွဲသူတို့၏ နားခိုရာ(Drop in Centre) များဖွင့်လှစ်ကာ မက်သာဒုံးဆေးရည် တိုက်ကျွေးကုသပေးလျက်ရှိပါကြောင်း၊ WHO ၏ ပံ့ပိုးကူညီမှုဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် ဖြစ်ပေါ်လာမည့် အန္တရာယ်လျော့ပါးရေးဆိုင်ရာ အစီအစဉ် (Harm Reduction) များကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများဖြစ်သည့် Myanmar Anti Narcotic Association (MANA)၊ Substance Abuse Research Association (SARA)၊ Burnet Institute၊ Merlin၊ Medicines du Monde(MdM) နှင့် Asian Harm Reduction Network (AHRN) စသည့် အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးလုပ်ငန်းစဉ်အောက်ရှိ ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များ အသိပညာပေးရေး၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးကဏ္ဍများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာအစိုးရများ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲနေသူများအား အရေးယူအပြစ်ပေးခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ပြန်လည်စိစစ်သုံးသပ်ကာ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များနှင့် ပူးပေါင်း၍ ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးသုံးစွဲသူများ ဆေးကုသနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် မူးယစ်ဆေးစွဲကုဌာနကြီး (၂၆)ခု၊ ဌာနငယ်(၄၇)ခု စုစုပေါင်းမူးယစ်ဆေးစွဲကုဌာန (၇၃) ခု၊ ပြန်လည်ထူထောင်ရေးစခန်း (၆)ခု နှင့် လူငယ်များပြုစုပျိုးထောင်ရေးစခန်း(၂)ခုတို့ အားဖွင့်လှစ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး၏ "Biotechnology၊ Biosecurity တို့နှင့်ပတ်သက်၍ ဥပဒေများပြဋ္ဌာန်းထားခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေခြင်း၊ Myanmar Biosecurity Association ဖွဲ့စည်းထားခြင်း ရှိ၊ မရှိ သိလိုခြင်း" မေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဇီဝနည်းပညာထွန်းကားရေးအတွက် အာဆီယံဒေသအတွင်း နိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် Biosafety ကဏ္ဍများအတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဇီဝနည်းပညာဆိုင်ရာ သုတေသနနှင့် ပညာရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွေ့အသုံးချဇီဝနည်းပညာဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်း၍ Strengthening Human Resources and Agriculture Sector Development Project ကို ဆောင်ရွက်လျက်ရှိပြီး ဇီဝနည်းပညာဓာတ်ခွဲခန်းကိုလည်း တည်ဆောက်လျက်ရှိပါကြောင်း၊ ထိုနည်းတူ အိန္ဒိယသမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Advanced Center for Agriculture Research and Education (ACARE) ၏ New Genetics အပိုင်းတွင် ဇီဝ



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း။



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်။

နည်းပညာ၏အခန်းကဏ္ဍများစွာပါဝင်မည်ဖြစ်ပါကြောင်း။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၁၉၉၃ ခုနှစ်တွင် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေထုတ်ပြန်ခဲ့ပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အသစ်ပေါ်ပေါက်လာသော နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများမှ ကြိုတင်ကာကွယ်ထိန်းချုပ်ရန် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ တိရစ္ဆာန်ထွက်ပစ္စည်းများ၏ Food Safety အတွက် လိုအပ်သောဥပဒေများ ဖြည့်စွက်သွားနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အပြင် မိတ်ဖက်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးအတွက် ၂၀၀၆ ခုနှစ်တွင် ပြင်းထန်သော ကြက်ငှက်တုပ်ကွေးရောဂါ $H_5N_1$ အရေးပေါ် တုံ့ပြန်ရေးအစီအမံကို FAO နှင့် ပူးပေါင်းရေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ စတင်ဖြစ်ပွားပျံ့နှံ့လာသည့် $H_7N_9$ ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ်တုံ့ပြန်ရေးအစီအမံကို ကျန်းမာရေးဝန်ကြီးဌာန၊ FAO တို့နှင့် ပူးပေါင်း၍ ၂၀၁၄ ခုနှစ် ဧပြီလမှစတင်ကာ မူကြမ်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားတိရစ္ဆာန်မှ လူသို့ကူးစက်တတ်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက်လည်း National Control Plan များ ရေးဆွဲသွားရန် ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုသိမ်တက္ကသိုလ်တွင် Biotechnology (Microbiology) ဘာသာရပ်ကိုသာ သင်ကြားရေးဘာသာရပ်အဖြစ် သင်ကြားလျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံ အမျိုးသားနည်းပညာအကဲဖြတ်တက္ကသိုလ် (National Institute of Technology and Evaluation)(NITE) ကို ဗဟိုပြု၍ အာဆီယံနိုင်ငံများဖြစ်သော ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ အိန္ဒိယ၊ ကိုရီးယား၊ တရုတ်၊ မွန်ဂိုလီးယားနိုင်ငံများနှင့် သင်ကြားရေးဆိုင်ရာများ၊ သုတေသနဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ချိတ်ဆက်ထားရှိပါကြောင်း၊Myanmar Biotechnology (Microbiology) Association ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအား ၁၉၉၅ ခုနှစ် မတ်လ ၂၀ ရက်တွင် ပြဋ္ဌာန်းထားပြီးနောက် အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် ၂၀၀၅ ခုနှစ် (International Health Regulation-2005) နှင့်အညီ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေအဖြစ် ရေးဆွဲသည့် ၂၇-၁-၂၀၁၄ ရက်၌ ဥပဒေအမှတ် (၁၆/၂၀၁၁) ဖြင့်မြန်မာနိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြခဲ့ပြီး နည်းဥပဒေရေးဆွဲဆောင်ရွက်ရန် ဆက်လက်စီစဉ်လျက်ရှိပါကြောင်း၊ ကူးစက်ရောဂါများ၊ ဓာတုပစ္စည်း၊ ဓာတ်ရောင်ခြည်(အဏုမြူ)ကိစ္စရပ်များနှင့် ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် ၂၀၀၅ ခုနှစ်ပါ အချက်အလက်များအရ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြားနှီးနွှယ်သောဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် Biotechnology နှင့် ပတ်သက်၍ ဇီဝနည်းပညာဆိုင်ရာ သင်ကြားရေးဘာသာရပ်အဖြစ် ဘွဲ့ကြိုသင်တန်းများကို နည်းပညာတက္ကသိုလ်(ကျောက်ဆည်) တွင် လည်းကောင်း၊ ဘွဲ့လွန်နှင့်ပါရဂူဘွဲ့သင်တန်းများကို မန္တလေးနည်းပညာတက္ကသိုလ်တွင်လည်းကောင်း၊ ဇီဝနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများကို ဇီဝနည်းပညာသုတေသနဦးစီးဌာန မန္တလေးနည်းပညာတက္ကသိုလ်နှင့်နည်းပညာတက္ကသိုလ် (ကျောက်ဆည်) တို့တွင် ဆောင်ရွက်လျက်ရှိပြီး International Atomic Energy Agency (IAEA) နှင့်ချိတ်ဆက်၍ ဂမ္မာရောင်ခြည် အသုံးပြု၍ စပါးနှင့် မြေပဲမျိုးထွန်းသုတေသန လုပ်ငန်းများဖြစ်သည့် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စီမံကိန်းများ၊ ဂေါ်ဖီထုပ်တွင် ကျရောက်နေသော Diamondback Moth ကို Insect အမြုံပြုလုပ်သောနည်းစဉ်ကို အသုံးပြု၍ ထိန်းချုပ်သော သုတေသနလုပ်ငန်းများဖြစ်သည့် နည်းပညာပူးပေါင်းဆောင်ရွက်သော သုတေသနစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် Biotechnology နှင့် Biosecurity တို့နှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဥပဒေများပြဋ္ဌာန်းထားခြင်းမရှိသေးပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

### ❖ အမျိုးသားလွှတ်တော်မှ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ကတ္တရာခင်းရန် ကျန်ရှိသော (၇)မိုင် (၇)ဖာလုံအနက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်း (၇)မိုင် (၅)ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသော (၂)ဖာလုံသည် လမ်းသားနိမ့်နေသဖြင့် ယခုနှစ်တွင် မြေသားတာပေါင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်၍ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံထားပြီး ကတ္တရာလမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မိုင်တိုင် ၂၈/၂ (မိုင်းယော်)မှ မိုင်တိုင် ၅၁/၅ (မိုင်းကျက်)အထိ (၂၃)မိုင်(၃)ဖာလုံရှည်လျားပြီး ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်ထိ လမ်းအခြေအနေသည် ကတ္တရာလမ်း (၁)မိုင် (၃) ဖာလုံ၊ အမာခံလမ်း (၂)မိုင်နှင့် မြေလမ်းမိုင် (၂၀) ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်း (၂)မိုင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြေလမ်းမှ ကတ္တရာလမ်းခင်းခြင်း (၄)မိုင် (၃)ဖာလုံ၊ (၁၄) ပေအကျယ် မြေသားလမ်းချဲ့ခြင်း (၆) မိုင် စသည့်လုပ်ငန်းများဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံထားပါကြောင်း၊ ကျန်ရှိနေသော လမ်းပိုင်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံ၍ ကတ္တရာလမ်းအဆင့်တိုးမြှင့်ခြင်း လုပ်ငန်း



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၃)မှ ဦးစိုင်းစံမင်း။

များဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **"စီးပွားရေးမြို့တော် ရန်ကုန်တွင် အများပြည်သူများအတွက် လုံလောက်သည့် အားကစားကွင်းများ ပြန်လည်ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၆) မြို့နယ်တွင် အားကစားကွင်း စုစုပေါင်း(၁၅)ကွင်းကို အသစ်တိုးချဲ့တည်ဆောက်သွားရန် လျာထားသတ်မှတ်ထားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် ယခင်ရှိပြီး အားကစားကွင်းများကို စီမံကိန်း၊ စီမံချက်အမျိုးမျိုးဖြင့် အိမ်ရာအဆောက်အအုံများ တည်ဆောက်ခဲ့ခြင်း မရှိသည့်အပြင် လက်ရှိ ထိန်းသိမ်းထားရှိသော အားကစားကွင်းများကိုလည်း အများပြည်သူများ ရာသီမရွေးကစားနိုင်ရန်အတွက် အဆင့်မြှင့်တင်ခြင်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အားကစားကွင်းအသစ်များကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် မြေနေရာများ ထပ်မံဖော်ထုတ်၍ စဉ်ဆက်မပြတ် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အတွင်း အားကစားကွင်း၊ အားကစားရုံများ ထပ်မံဖော်ထုတ် ဆောက်လုပ်ရန်အတွက် အားကစားဝန်ကြီးဌာန အမည်ပေါက် မြေနေရာများရရှိပါက ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် လူငယ်များအပါအဝင် ဗလငါးတန် ဖွံ့ဖြိုးရေးကို ရည်မျှော်၍ အားကစားကွင်း၊ အားကစားရုံသစ်များ ဖော်ထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့်လက်ရှိအခြေအနေတွင် အားကစားဝန်ကြီးဌာနပိုင် အမည်ပေါက်လုံလောက်သော မြေနေရာမရှိပါသဖြင့် ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၁၂)ဦးတို့က ဆွေးနွေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးထွန်းဇော် ပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရာတွင် မူရင်းဥပဒေပြဋ္ဌာန်းချက်တွင် ပါရှိပြီး အမျိုးအစားအပြင် သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာများဖြင့် သတ်မှတ်ပြီးသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် ကျောက်အမျိုးအစားများကိုလည်း ဖြည့်စွက်ဖော်ပြခြင်းဖြင့် ဥပဒေပြဋ္ဌာန်းချက်ကို ပြည့်စုံစေပါကြောင်းဖြင့် ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးနေဝင်းထွန်းက တိုင်းရင်းသားပြည်သူများ ဓာတ်သတ္တုတွင် အသေးစားကဏ္ဍနှင့် လက်လုပ်လက်စားကဏ္ဍတို့တွင် ပိုမိုဝင်ရောက်လုပ်ကိုင်လာခြင်းဖြင့် မိသားစုဝင်ငွေ တိုးတက်ရရှိစေပါကြောင်း၊လုပ်ငန်းရှင်များအရေးအတွက် များပြားလာသည့်အပေါ်တွင် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိစေပါကြောင်း၊ အလုပ်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးထွန်းဇော်။

အကိုင်အခွင့်အလမ်း တိုးတက်ရရှိစေခြင်းဖြင့် မိမိတို့နိုင်ငံသားများ ပြည်ပသို့တရားဝင်၊ တရားမဝင် သွားရောက်၍ နိမ့်ကျသော အလုပ်အကိုင်များလုပ်ကိုင်ရခြင်း၊ လူကုန်ကူးခံရခြင်းစသည့် အနိဋ္ဌာရုံများ လျော့နည်းပပျောက် သွားစေပါကြောင်း၊ နယ်စပ်မှတစ်ဆင့် နည်းအမျိုးမျိုးဖြင့် သယ်ယူတင်ပို့ရောင်းချခြင်းတို့ကြောင့် ပတ်ဝန်းကျင်အိမ်နီးချင်းများသာလျှင် စီးပွားဖြစ်ထွန်းကြပြီး မိမိတို့နိုင်ငံအတွက် အခွန်အခများ ရရှိစေနိုင်မှု ဆုံးရှုံးခြင်း၊ တရားမဝင်တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူရောင်းချခြင်းများကိုလည်း ကာကွယ်တားဆီးပေးနိုင်ခြင်းစသည့် အားသာချက်များရရှိစေပါကြောင်း။

ယခင်က ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ကိုသာ လက်ခံကျင့်သုံးခဲ့၍ မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍစီးပွားရေးကို တစ်ခေတ်ပြောင်း၍ ဖွံ့ဖြိုးတိုးတက်မှုရရှိစေခြင်း၊ နိုင်ငံတော်ဘက်မှလည်း စရိတ်မျှဝေ ကျခံပေးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများကို လုပ်ငန်းရှင်များဘက်မှ ပိုမိုလုပ်ဆောင်နိုင်ပြီး ပိုမိုကောင်းမွန်သည့်စနစ်များ ကျင့်သုံးဆောင်ရွက်စေနိုင်ပါကြောင်း၊ လုပ်ငန်းရှင်များ ထိုက်သင့်သော အကျိုးအမြတ်ခံစားရနိုင်ပြီး နိုင်ငံတော်သို့ အခွန်ပိုမိုပေးဆောင်နိုင်ခြင်း၊ လုပ်ငန်းများတိုးချဲ့နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေပါကြောင်း၊ ဓာတ်သတ္တုသယံဇာတကဏ္ဍမှ GDP တိုးတက်လျှင် နိုင်ငံတော်အနေဖြင့် LDC နိုင်ငံစာရင်းမှ လျင်လျင်မြန်မြန် လွတ်မြောက်စေမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

**☆ နိုင်ငံတော်သမ္မတမှ**

ထို့အတူ တစ်ဖက်ကလည်း ခွင့်ပြုသုံးစွဲငွေများကို စနစ်တကျနှင့် ထိထိရောက်ရောက် အလေအလွင့်မရှိသုံးစွဲကြရန် အထူးအရေးကြီးပါကြောင်း၊ ထို့ပြင် ခွင့်ပြုသုံးစွဲငွေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းစီမံကိန်းများသည်လည်း ရည်မှန်းချက်အတိုင်း အောင်မြင်ပြီးမြောက်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် ၎င်းအချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များအကြား ဘဏ္ဍာငွေအရအသုံးဆိုင်ရာခွဲဝေကျင့်သုံးမှုကို ပိုမိုသင့်လျော်ညီညွတ်မျှတစေရေးအတွက် သက်ဆိုင်ရာပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ အခြားနိုင်ငံများတွင် ကျင့်သုံးဆောင်ရွက်နေသည့်စနစ်များကို လေ့လာသုံးသပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲဆောင်ရွက်ကြရာတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို တိတိကျကျလိုက်နာဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကလည်း ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်းပါ ရငွေများကို ပြည့်ဝစွာရရှိရေး၊ သုံးစွဲခွင့်ပြုထားသည့်ငွေကြေးများကို စနစ်တကျအသုံးပြုရေးတို့အတွက် ပုံမှန်စစ်ဆေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ရငွေအရင်းအမြစ် (Revenue Resources) များအပေါ် မူတည်၍ ပြည်ထောင်စုအစိုးရနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက နိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ဆက်စပ်၍ အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် ခွဲဝေအသုံးချနိုင်စေရန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကိုလည်း လိုအပ်သောပြုပြင်ပြောင်းလဲရေးအစီအမံများ ချမှတ်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်၍ တစ်ခုတည်းသော ဘတ်ဂျက်စနစ်ထားရှိကျင့်သုံးသည့် အခြေအနေမှ ပြည်ထောင်စုဘတ်ဂျက်နှင့်တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်များကို ခွဲခြားရေးဆွဲနိုင်ခဲ့ပါကြောင်း။

အစိုးရ၏ကျန်ရှိသည့် သက်တမ်းကာလအတွင်း နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် မြန်ဆန်ထိရောက်သော အကျိုးရလဒ် (Quick Win) ရရှိစေနိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ရေရှည်အတွက် အခြေခံအုတ်မြစ်ချပေးရမည့် လုပ်ငန်းများကို ရည်မှန်းချက်ထားရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရငွေတိုးတက်ရရှိရေးနှင့် သုံးငွေများကို အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဦးညဏ်ထွန်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ နောက်ထပ်ခွဲဝေသုံးစွဲပေးရမည့်ငွေ၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့်ငွေတို့ပါဝင်သော ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့တင်သွင်းမည်ဖြစ်ပါကြောင်း။

၎င်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးစီး၍ ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးမှသာ ၎င်းဥပဒေအရ ခွဲဝေသုံးစွဲခွင့်ပြုသော ဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲကြရန်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုများနှင့် ပတ်သက်၍ ဌာနများအလိုက် လစဉ်ငွေစာရင်းရှင်းတမ်းများကို ဒုတိယဝန်ကြီးတစ်ဦးက သီးခြားတာဝန်ယူ၍ စစ်ဆေးရန်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးချုပ်များက ထပ်ဆင့်ကြပ်မတ်စစ်ဆေးရန်တို့ကို မှာကြားထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာများနှင့် ပတ်သက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးစီးသော နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှုစနစ်တကျဖြစ်စေရေး ကြီးကြပ်မှုကော်မတီကိုလည်း ဖွဲ့စည်းပေးခဲ့ပါကြောင်း။

ဘဏ္ဍာရေးနှစ်အတွင်း သုံးစွဲရန် တောင်းခံငွေများအနက် အကြောင်းအမျိုးမျိုးကြောင့် သုံးစွဲနိုင်ခြင်းမရှိသဖြင့် ပိုလျှံငွေများ များပြားစွာ ပြန်လည်အပ်နှံမှုမဖြစ်ပေါ်စေရေးအတွက် ဝန်ကြီးဌာနများအနေဖြင့် ဘဏ္ဍာငွေလျာထားမှုများကို အနီးစပ်ဆုံးမှန်ကန်အောင် ခန့်မှန်းတွက်ချက်လျာထားကြရန် လိုအပ်ပါကြောင်း။

တစ်ဖက်တွင်လည်း ဘဏ္ဍာရန်ပုံငွေသုံးစွဲမှုများကို ကျစ်ကျစ်လျစ်လျစ်နှင့် ထိရောက်စွာ သုံးစွဲနိုင်စေရန်၊ လေလွင့်ဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်ရန် ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်များကိုယ်တိုင် စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာရန်ပုံငွေသုံးစွဲရန် ခွင့်ပြုပေးသည့်အချိန်မှစ၍ ဌာနအကြီးအကဲသည် တာဝန်ခံမှု (Accountability) ရှိလာပြီဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်နှင့် ဆန်းစစ်ခံနိုင်မှုရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၃)ဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များကို ထုတ်ပြန်ထားရှိပြီးဖြစ်ပါကြောင်း၊ ယင်းညွှန်ကြားချက်တွင် တင်ဒါစည်းမျဉ်းစည်းကမ်းများကို အသေးစိတ်ဖော်ပြထားသည့်အပြင် ဝယ်ယူရေးဆိုင်ရာတင်ဒါ၊ တည်ဆောက်မှုဆိုင်ရာတင်ဒါ၊ ဝန်ဆောင်မှုတင်ဒါ၊ ငှားရမ်းရောင်းချရေးတင်ဒါ စသည်ဖြင့် လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ဆောင်ရွက်ရမည့် တင်ဒါစည်းကမ်းများကိုပြည့်စုံစွာ ဖော်ပြထားပါကြောင်း။

သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်စေရေး ရည်မှန်းချက်နှင့်အညီ ဘတ်ဂျက်လျာထားသုံးစွဲမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ဥပဒေနှင့်အညီ နည်းလမ်းတကျ စစ်ဆေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်အဆင့်ကော်မတီ၊ ဌာနအဆင့်ကော်မတီ စသည်တို့က စစ်ဆေးကြပ်မတ်ခြင်းတို့ဖြင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

**❒ ကျောဖုံးမှ**

တောင်ငူမြို့ကိုရောက်သည်နှင့် နံနက်စာစားပြီး တောင်ငူမှ ၁၂ မိုင်ကွာဝေးသည့် သမိုင်းဝင်မြတ်စောညီနောင်ဘုရားရှိ နောင်တော်ကြီးစေတီ၊ မယ်တော်ကြီးစေတီနှင့် ညီတော်စေတီ၊ ရွှေဆံတော်ဘုရားတို့ကို ဖူးမြော်ကြည်ညိုရင်း လမ်းခရီးတစ်လျှောက် ရေမြေသဘာဝအလှအပများ ကြည့်ရှုခံစားခဲ့ရသည်။ ထို့အပြင် တန်ဂိုခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန် မအိအိက စိတ်ဝင်စားဖွယ် မြတ်စောညီနောင်ဘုရားသမိုင်းကြောင်းကိုလည်း ဘုရားမဖူးမြော်မီအချိန် ကားပေါ်၌ပင် ပြောပြသဖြင့် ဘုရား၏ သမိုင်းဖြစ်စဉ်များကို သိရှိခံစားဖူးမြော်၍ ပီတိသောမနဿဖြစ်ခဲ့ရသည်။

၎င်းသို့ ဘုရားများဖူးမြော်၍ တောင်ငူမြို့တွင် လှည့်လည်ကြည့်ရှုပြီးနောက် တောင်ငူမြို့မှ မိုင် ၃၀ ဝေးသော သံတောင်တောင်စခန်းမြို့သို့ သွားရောက်ခဲ့သည်။

သံတောင် တောင်စခန်းမြို့သည် ကရင်ပြည်နယ်မြောက်ပိုင်းတွင် တည်ရှိပြီး အေးချမ်းလှပသော တောင်ပေါ်မြို့ကလေးတစ်မြို့ဖြစ်သည်။ တောင်ငူလမ်းမကြီးအတိုင်း ၁၃ မိုင်အရောက် သံတောင်တောင်စခန်းမြို့သို့ သွားရာလမ်းတွင် အတက်လမ်းနှင့် အဆင်းလမ်းဟူ၍ရှိသည်။

သံတောင်တောင်စခန်းမြို့နယ်အတွင်းရှိ ဇိအုန်းနှစ်ခြင်းအသင်းတော်မှ သံတောင်ကြီးမြို့၏ အထင်ကရဖြစ်သည့် နော်ဘူဘော ဆုတောင်းတောင်သို့ ပေ ၄၄၀၀ ရှည်သော တောင်တက်ကားလမ်းမှ တစ်ဆင့်သွားရသည်။ ထို့နောက် နော်ဘူဘောတောင်ခြေမှ တောင်ထိပ်သို့တက်ရန် လှေကားထစ်ပေါင်း ၃၇၄ ထစ်၊ အကျယ် ၆ ပေ၊ အရှည် ပေ ၅၆၀ ရှိသည်။ ထိုဒေသသည် ပင်လယ် ရေမျက်နှာပြင်အထက် ၄၈၂၄ ပေရှိသည့်အားလျော်စွာ တောင်ထိပ်သို့ ရောက်သည်နှင့် အေးမြပြီး လတ်ဆတ်သော လေနုအေးလေးများက ရောက်ရှိလာသော ခရီးသွားဧည့်သည်တို့ကို အမောပြေစေအောင် ဆီးကြိုနှုတ်ဆက်နေပါသည်။

သံတောင်ကြီးဝန်းကျင်တွင် ပထဝီအနေအထားအရ တောင်ကုန်း တောင်တန်း၊ လျှိုမြောင်ချိုင့်ဝှမ်းများပေါများလှပေသည်။ တောင်ကုန်းတောင်တန်းများအနက် အလွန်မြင့်သော တောင်လေးတောင်ရှိသည်။ အမြင့်ဆုံးတောင်သည် ဘွယ်ဟီခိုတောင်ခေါ် နော်ဘူဘောတောင်ဖြစ်၍ ၎င်းနှင့်ယှဉ်လျက်မြင်ရသောတောင်သည် ဘွယ်ဟီခိုအမတောင်ဖြစ်သည်။ ဘွယ်ဟီခိုတောင်ထိပ်မှ အရှေ့မြောက်ဘက်သို့ လှမ်းကြည့်လျှင် မြင့်မားရှည်လျားသော ကျောက်တန်းသဖွယ်သွယ်တန်းနေသည့် ဒေါ်ဖားခိုတောင်ကို မြင်တွေ့ရသည်။ တစ်ဖန် ဘွယ်ဟီခိုအမတောင်ထိပ်ပေါ်မှ အရှေ့တောင်ဘက်သို့ ကြည့်လျှင် တောင်ထိပ်တစ်ခုကို လှမ်းမြင်ရသည်။ ထိုတောင်ကို ကီးကူတောင်ဟု ခေါ်သည်။

“ဒေါ်ဖားခို”ဟူသည် သံတောင် တောင်စခန်းမြို့၌ တည်ရှိပြီး “အခြမ်း ကွဲသွားခြင်း”ဟု အဓိပ္ပာယ်ရသည်။ တစ်ချိန်တစ်ခါက ရေလွှမ်းမှုဖြစ်ပွားချိန်တွင် မိသားစုတစ်စုသည် ရေဘေးမှလွတ်မြောက်ရန် ဖောင်ဖွဲ့၍ မျောနေစဉ် ဖောင်၏ဝါးများသည် ဘွယ်ဟီခိုတောင်ကိုလျှပ်တိုက်သွားသဖြင့် ရေကြီး၍ မြေပျော့သောအချိန်ဖြစ်သောကြောင့် ဝါးဖောင်လျှပ်တိုက်မိသောနေရာတွင် ချိုင့်ဝှမ်းတစ်ခုဖြစ်ကာ ဘွယ်ဟီခိုတောင်သည် နှစ်ခြမ်းကွဲသွားရာမှ ယခုမြင်တွေ့ရသည့်အတိုင်း နှစ်သစ်ကူးတောင်နှင့် နော်ဘူဘောဆုတောင်းတောင်တို့ဖြစ်လာသည်ဟု ကရင်လူမျိုးများ၏သမိုင်းကြောင်းကို လေ့လာသိရှိရသည်။

၎င်းဘွယ်ဟီခိုတောင်၏ အနီးဝန်းကျင်၌ ဘွဲ(ဘွယ်)ကရင်လူမျိုးများ နေထိုင်ကြပြီး “ဘွယ်နေထိုင်ရာဒေသ”ဟု အဓိပ္ပာယ်ရသော “ ဘွယ်ဟီခို”တောင်အဖြစ် တင်စားခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။ ဘွယ်ဟီခိုတောင်သည် ကီးကူဘုရင်၏ နန်းစိုက်ရာတောင်အဖြစ်သော်လည်းကောင်း၊ ရုံးများစိုက်ရာနေရာအဖြစ်သော်လည်းကောင်း ထင်ရှားခဲ့သည်။ ၎င်းဘွယ်ဟီခိုတောင်ထိပ်နှင့် တောင်နံရံဘေးဝန်းကျင်၌ ကျောက်အဖြစ်ပြောင်းလဲဖြစ်တည်နေသော ကျောက်ဆင်နှာမောင်း၊ ကျောက်စားပွဲ၊ ကျောက်ကုလားထိုင်၊ ကျောက်ပုခက်၊ နော်ဘူဘောကို တရားစီရင်ရာ၌ချည်နှောင်ထားသော နေရာ၊ ရေချိုးခန်းအစရှိသည်များကို ယနေ့တိုင် ကျောက်သဏ္ဍာန်များအဖြစ်မြင်တွေ့ရပေသည်။

နော်ဘူဘောတောင်မှအပြန် သဘာဝအရိုင်းအတိုင်း ကျောက်တန်း ကျောက်ဆောင်များနှင့် တည်ရှိနေသည့် အေးမြကြည်လင်နေသော ပသိချောင်းအတွင်း ရေချိုး၊ ရေစိမ်ကစားကာ အမောပြေစေခဲ့သည်။

သံတောင် တောင်စခန်းမြို့သည် ကရင်ပြည်နယ်အတွင်း၌ တည်ရှိသော်လည်း သီးခြားတည်ရှိနေသည်ဟု ထင်ရသယောင်ရှိသည်။ မြို့တော်ဘားအံနှင့် အလှမ်းဝေးလှ၍ မြို့တော်နှင့် ဆက်သွယ်ရာတွင် ပဲခူးတိုင်းဒေသကြီးကို ဖြတ်ကျော်သွားလာရသည်။ ကရင်ပြည်နယ်၏ မြောက်ဘက်စွန်းအခြမ်း၌ရှိနေသော်လည်း ယနေ့တွင် မြန်မာနိုင်ငံအတွင်းရှိ ခရီးသွားပြည်သူများသာမက နိုင်ငံရပ်ခြားမှ ခရီးသွားများပင် စိတ်ဝင်တစား လာရောက်အပန်းဖြေပြီး သဘာဝအတိုင်းတည်ရှိနေသည့် တောတောင်ရေမြေအလှအပများကို ကြည့်ရှုခံစားလျက်ရှိသည်။

နော်ဘူဘောဆုတောင်းတောင်သို့ အဆက်မပြတ် ရောက်ရှိလာသော ခရီးသွားဧည့်သည်အမျိုးမျိုးရှိကြောင်း၊ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဝတ်ပြုဆုတောင်းရန် ရောက်ရှိလာကြသလို သံတောင်ကြီး၏ သဘာဝရှုခင်းအလှအပ၊ အေးချမ်းသော ရာသီဥတုတို့ကို လာရောက်လေ့လာခံစားလိုသောသူများနှင့် ကရင်ယဉ်ကျေးမှုအစစ်အမှန်ကျန်ရှိနေသေးသော ဘွဲကရင်များ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို လာရောက်လေ့လာသူများလည်းရှိကြောင်း နော်ဘူဘောဆုတောင်းတောင်နှင့်ကရင်နှစ်သစ်ကူးတောင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ Rev အုန်းဖေက ပြောပြခဲ့သည်။

၎င်းဒေသသည် စိမ်းစိုလှပသော တောင်များ၊ ချိုင့်ဝှမ်းများ၊ မြစ်ချောင်းများဖြင့် သာယာလျက် အလည်အပတ်ဖြစ်စေ၊ ကြုံကြိုက်၍ဖြစ်စေ မြင်တွေ့ရသူများ ရင်သပ်ရှုမောရလောက်အောင် နှစ်ခြိုက်စေမည့် ဒေသတစ်ခုဖြစ်ပါကြောင်း မျှဝေဖော်ပြလိုက်ရပါသည်။ ။

## ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသော အစားအစာနှင့် သောက်သုံးရေတို့မှတစ်ဆင့် ကူးစက်တတ်သော ရောဂါတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် ရာသီဥတုပြောင်းလဲသောကာလများဖြစ်သည့် မိုးအကုန်ဆောင်းအကူးတွင် ဖြစ်ပွားလေ့ရှိကြောင်း တွေ့ရှိရပါသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် ကာလဝမ်းရောဂါသည် Vibrio Cholerae ဟု ခေါ်ဆိုသော ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါပြင်းထန်ကာ အချိန်မီကုသမှုမရှိပါက အသက်ဆုံးရှုံးနိုင်ပါသည်။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပြီဆိုပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီကုသမှုခံယူရန်နှင့် အဆင့်ဆင့်အချိန်မီအမြန်ဆုံးသတင်းပေးပို့ရန် လိုအပ်ပါသည်။

ကလေးသူငယ်များတွင်ဖြစ်ပွားသော ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ဗက်တီးရီးယားနှင့်ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားလေ့ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ထိရောက်ပြည့်စုံသော ကုသမှုခံယူရန်လိုအပ်ပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ခြင်း၊ အထူးသဖြင့် အစာမစားမီအချိန်တိုင်း၊ လူနာကိုကိုင်တွယ်ပြီးတိုင်း၊ ကလေးကိုပြုစုပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စနစ်တကျ စင်ကြယ်စွာဆေးကြောရန်၊ အစားအစာအား ပူပူနွေးနွေးစားသောက်ခြင်း၊ ယင်နားစာများ မစားသုံးခြင်း၊ ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ခြင်း (ကလိုရင်းဆေးခတ်ထားသော သောက်သုံးရေ သို့မဟုတ် ကျိုချက်ထားသောရေကိုသာ သောက်သုံးခြင်း)၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို စနစ်တကျဆောင်ရွက်ခြင်းနှင့် ယင်လုံအိမ်သာ ရာခိုင်နှုန်းပြည့်သုံးစွဲနိုင်အောင် စီမံဆောင်ရွက်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီ သတင်းပေးပို့ခြင်းနှင့် ထိရောက်သော ကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချစ်ကြည်ရေးအလည်အပတ်ခရီးမှ ပြန်လည်ရောက်ရှိ



**နေပြည်တော်  အောက်တိုဘာ ၂**

ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ကိုရီးယားတပ်မတော်မှ Maj. Gen Kim Yong-woo နှင့် ဇနီး၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလွင်နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မြင့်ဟိန်းနှင့် ဇနီးတို့က အင်ချွန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထွန်းထွန်းနောင်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Tateshi Higuchi၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်စစ်သံမှူး Col.Takeshi Hara နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Lee Baek Soon တို့က ကြိုဆိုနှုတ်ဆက်ကြသည်။**(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ဂျပန်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနှင့် သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

အလားတူ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



## နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းများ လေ့လာနိုင်

**သတင်းကြေညာချက်**

၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နိုင်ငံခြားသုံးငွေလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်မှုရရှိရန်နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းများကို ၃၀-၉-၂၀၁၄ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ စည်းမျဉ်းအပြည့်အစုံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website (www.cbm.gov.mm) တွင် လေ့လာဖတ်ရှုနိုင်ပါသည်။ **(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**

# နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းမှ သင်တန်းသားများ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာ

**နေပြည်တော်  အောက်တိုဘာ ၂**

The Innovative အဖွဲ့ နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းမှ တာဝန်ရှိသူ သုံးဦးနှင့်သင်တန်းသား ၃၂ ဦးတို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အစီအစဉ်အရ The Innovative အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မိတ်ဆက်စကားပြောကြားပြီး သင်တန်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ နိုင်ငံတကာ စံနှုန်းများကိုလေ့လာ၍ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး မဟာဗျူဟာစီမံကိန်းချမှတ်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ကော်မရှင်မှဆောင်ရွက်နေသော မဲဆန္ဒရှင်စာရင်းပြုစုခြင်း ရွေ့ပြောင်းစီမံချက်လုပ်ငန်းများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်ဦးဝင်းကိုက ကော်မရှင်နှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

၎င်းနောက် သင်တန်းသားများမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ၂၀၁၀ အထွေထွေရွေးကောက်ပွဲအပေါ် သုံးသပ်ချက်၊ မဲစာရင်းပြုစုထားရှိမှု၊ ကြိုတင်မဲပေးမှုအခြေအနေ၊ မဲရေတွက်ရာတွင် လေ့လာခွင့်ရှိ/မရှိ၊ မဲဆွယ်စည်းရုံးမှုအခြေအနေ၊ ပြည်ပရောက်မဲဆန္ဒရှင်များ မဲပေးနိုင်မှု၊ ၂၀၁၅ ရွေးကောက်ပွဲအတွက် ပြင်ဆင်ထားရှိမှု၊ ပညာပေးမှုနှင့် လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးဆောင်ရွက်ထားရှိမှု၊ PR စနစ်ကျင့်သုံးနိုင်မှုအခြေအနေနှင့် စနစ်အသစ်ဖြင့် မဲပေးနိုင်ရေး၊ ပညာပေးရန် အချိန်လုံလောက်မှုရှိ/မရှိတို့ကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက ပြန်လည်ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## ရပ်ထားသည့်ကားထဲမှ ကျပ် ၆၅၁ သိန်းကျော် တန်ဖိုးရှိပစ္စည်းများ ပျောက်ဆုံး

**ရန်ကုန်  အောက်တိုဘာ ၂**

ကားအတွင်းထားသည့် ကျပ်သိန်း ၆၅၁၀၀၀၀ တန်ဖိုးရှိ ရတနာပစ္စည်းများ ပျောက်ဆုံး၍ ဦးအောင်မြင့်ဦး (ကျောက် အရောင်းအဝယ်) အင်းစိန်မြို့နယ်နေသူက အောက်တိုဘာ ၁ ရက်တွင် အင်းစိန်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃၀ ရက် ည ၇ နာရီတွင် တရားလို ဦးအောင်မြင့်ဦးသည် ကြို့ကုန်းအရှေ့ ရပ်ကွက်(၁) လမ်း(မြောက်)၊ မ/၁၄၈ ပြုပြင်ဆောက်လုပ်ဆဲ နေအိမ်ရှိ လမ်းမပေါ်တွင် 9F/---- တိုယိုတာ မတ်တူး အဖြူရောင်ယာဉ်အား ရပ်ထားစဉ် ကားရှေ့ခန်း ယာဉ်မောင်းဘေး ထိုင်ခုံတွင် တင်ထားသော အနက်ရောင် သားရေအိတ်အတွင်း တွင်ထည့်ထားသည့် ကမ္ဘောဇဘဏ် ငွေစုစာအုပ်တစ်အုပ်၊ ADG ဘဏ် ငွေစုစာအုပ်တစ်အုပ်၊ MOB ဘဏ် ချက်လက်မှတ်တစ်အုပ်၊ ငွေစက္ကူ ရောရာ ငွေကျပ် ၁၁၀၀၀၀၊ အလေးချိန် ၃ ဒသမ ၂၇၅ ကလပ်ရှိ ကျောက်စိမ်းတစ်လုံး၊ အလေးချိန် ၂ ကလပ်ရှိ ကျောက်စိမ်းတစ်လုံး၊ ဘော်ဖြူရောင်ဖြင့် ကွင်းထားသော ကျောက်စိမ်း လက်စွပ်နှစ်ကွင်းနှင့် လက်ဝတ်ရတနာများ ပျောက်ဆုံးသွားသဖြင့် အမှုဖွင့်တိုင်တန်းခဲ့ရာ တရားခံဖမ်းဆီးရမိရေး အပူတပြင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၆၈၄)**

# တောင်ဥက္ကလာတွင် ဖြစ်ပွားသော ဝမ်းပျက်ဝမ်းလျှောရောဂါ ထိန်းချုပ်နိုင်ပြီဖြစ်

**နေပြည်တော်  အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် စီမံကိန်း(၁) အင်ကြင်းကျူးကျော်နှင့် ကြက်မောက်ကျူးကျော် ရပ်ကွက်များတွင် စက်တင်ဘာ ၂၇ ရက် ညနေပိုင်းမှစ၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့ရာ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က အဆိုပါရပ်ကွက်တွင် ၂၄ နာရီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ တစ်အိမ်တက်ဆင်း လူနာသစ်ရှာဖွေကုသမှုပေးခြင်း၊ လူနာနှင့် အနီးကပ်ပြုစုနေထိုင်သူများအား ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ သောက်သုံးရေများအား နေ့စဉ်ကလိုရင်းဆေးခတ်ခြင်း၊ ယင်လုံအိမ်သာများ ပြုပြင်ဆောက်လုပ်စေခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ဝမ်းပျက်ဝမ်းလျှောလူနာ ၂၁ ဦးအား သယ်န်းကျွန်းစံပြဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုပေးခဲ့ပြီး အောက်တိုဘာ ၂ ရက်တွင် အတွင်းလူနာ ၁၁ ဦးသာ ကျန်ရှိပြီး ကျန်လူနာများ၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်းနှင့် သေဆုံးသူမရှိကြောင်း သိရသည်။

ကွင်းဆင်းအဖွဲ့၏ တွေ့ရှိချက်အရ ရပ်ကွက်အတွင်းတွင် အိမ်ခြေထူထပ်၍ လူဦးရေများပြားခြင်း၊ သောက်သုံးရေသန့်ရှင်းမှုမရှိခြင်း၊ အိမ်အများစုတွင် ယင်လုံအိမ်သာမရှိဘဲ မိလ္လာများကို မြေပြင်ပေါ်သို့ စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားရခြင်းဖြစ်ကြောင်းနှင့် ကွင်းဆင်းအဖွဲ့အနေဖြင့် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရောဂါဖြစ်ပွားမှု အခြေအနေများကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

၎င်းအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ထပ်မံမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**မူးယစ်ဆန့်ကျင်**
**အောင်ပွဲဆင်**

# ရွှေတိဂုံစေတီတော် ဆီမီးစေတီတော် လှည့်လည်ပူဇော်ပွဲနှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၆ ခုနှစ် သီတင်းကျွတ်မီးထွန်းပွဲတော် ဆီမီးစေတီတော်များ လှည့်လည်ပူဇော်ပွဲနှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်) တို့တွင် စေတီတော်ရင်ပြင် သတ်မှတ်နေရာအသီးသီးတို့၌ ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁၄ ရက် ညနေ ၅ နာရီတွင် စေတီတော်ရင်ပြင်အောင်မြေ၌ စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်သော ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက သီတင်းကျွတ်မီးထွန်းပွဲတော် ဆီမီးစေတီများနှင့် ရောင်စုံမီးပုံးများလှည့်လည်ပူဇော်ပွဲ၊ ဓမ္မရုပ်စုံပြပွဲဖွင့်ပွဲတို့ကို ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နံနက် ၅ နာရီခွဲတွင် ရင်ပြင်တော်တောင်ဘက်ရှိ ဧည့်ခံတန်ဆောင်းနှင့် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတို့၌ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲနှင့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားတို့ကိုကျင်းပပြီး နံနက် ၉ နာရီခွဲတွင် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စေတီတော်သြဝါဒစရိယ ဆရာတော်ကြီးများက ရေစက်ချတရားတော်ချီးမြှင့်မည်ဖြစ်သည်။

ယင်းနောက် စေတီတော်သြဝါဒစရိယဆရာတော်ကြီးများအား နံနက် ၁၀ နာရီတွင် ရောင်တော်ဖွင့်တန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ကို ကျင်းပသွားမည်ဖြစ်ရာ ရဟန်းရှင်လူပြည်သူများ ကြွရောက်ကြည်ညို ကုသိုလ်ယူနိုင်ကြောင်း သိရသည်။

**(ကိုချစ်)**

# လူထုအကျိုးပြုစာကြည့်တိုက်များဖွံ့ဖြိုးစေရန်အထောက်အကူပြုမည့် အခြေခံသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂

**လူထုကို အကျိုးပြုစေမည့် စာကြည့်တိုက်များဖွံ့ဖြိုးလာစေရန် အထောက်အကူပြုစေမည့် စာကြည့်တိုက်ပညာ အခြေခံသင်တန်း (၁/၂၀၁၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးရုံး၌ ကျင်းပသည်။**

အဆိုပါ သင်တန်းကို ပုဇွန်တောင်မြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သုံးရက်ကြာ ရက်တိုသင်တန်းဖြစ်သည်။

သင်တန်းသို့ ဒေသခံရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ စာသင်ကျောင်းများမှ ဆရာ ဆရာမ များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာ့ ဝန်ထမ်းအဖွဲ့များ တက်ရောက်ကြပြီး စာကြည့်တိုက်ပြုစုပျိုးထောင်ဖွဲ့စည်းရေး အချက်အလက်များ၊ စာပြု၊ စာစု၊ စာငှားလုပ်ငန်း၊ စာပေပစ္စည်း ထိန်းသိမ်းခြင်း၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ မျိုးတူစု၊ ကက်တလောက်၊ ရည်ညွှန်း၊ စာကြည့်တိုက်ဥပဒေ၊ အခမ်းအနားမှူးပညာရပ်၊ မီးဘေးလုံခြုံရေး အသိပညာဗဟုသုတ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်းသိကောင်းစရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဖွဲ့စည်းပုံ၏ ရည်ရွယ်ချက်နှင့်လုပ်ငန်း စဉ်စသည့် ဘာသာရပ်များကို သက်ဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များက သင်ကြားပေးမည်ဖြစ်သလိုလက်တွေ့လေ့ကျင့်ခြင်း၊ ဆန်းစစ်ခြင်းတို့ကို လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပုဇွန်တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ် ဦးစီးမှူး ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။ ထို့နောက် စေတနာရှင်များ၏ လှူဒါန်းမှုကို လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ထိုသို့ ဖွင့်လှစ်ခြင်းဖြင့် ရပ်ကွက်၊ ကျောင်း၊ လူမှုရေးအသင်းအဖွဲ့များတွင်ရှိကြသော စာကြည့်တိုက်များလည်း ဖွံ့ဖြိုးကာ ဒေသခံများအတွက် အသိပညာ ဗဟုသုတပေးသည့် အားကိုးအားထားပြုရာ စာကြည့်တိုက်များ ပေါ်ထွက်လာမှာ ဖြစ်သကဲ့သို့ အမြဲသင်ယူ လေ့လာနေသော လူ့ဘောင် အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာပြီး နိုင်ငံအတွက်လည်း များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၄-၁၀-၂၀၁၄ ရက်နေ့တွင် ရွှေပေါက်ကံ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ တာမွေ၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ ကျောက်တံတား၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ဒဂုံ၊ လှိုင်၊ မရမ်းကုန်း၊ သုံးခွ၊ ခရမ်း၊ တံတား၊ သန်လျင်၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကျောက်တန်း၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၅-၁၀-၂၀၁၄ ရက်နေ့တွင် ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ သာကေတ၊ ကျောက်တံတား၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ဒဂုံ၊ လှိုင်၊ မရမ်းကုန်း၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ သန်လျင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ တိုက်ကြီး၊ မင်္ဂလာဒုံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရရှိစေရန်၊ ဓာတ်လိုက်မှု အန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားထားသည်။ **(ကြေးမုံ)**



ပြည်တွင်းရေးရာ

# ဂျာမနီ KFW ဖွံ့ဖြိုးတိုးတက်ရေးဘဏ်က တစ်နှစ်အတွင်း ယူရိုသန်း ၂၀ အသုံးပြုကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာ-ဂျာမနီပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အဖြစ် ဂျာမနီအစိုးရ၏ တတိယအကြီးဆုံး ဖွံ့ဖြိုးရေးဘဏ် (KFW) က မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု စတင်သည့် ပထမနှစ်အတွင်း ယူရိုသန်း ၂၀ အသုံးပြုကာ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ကူညီသွားမည်ဖြစ်သည်။

အဆိုပါ အကူအညီပေးမည့် အစီအစဉ်တွင် ငွေကြေးကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာကဏ္ဍများ ပါဝင်ကြောင်း သိရသည်။

ငွေကြေးဆိုင်ရာ အင်စတီကျူးရှင်းများ အားကောင်းလာရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ယူရို ၅ ဒသမ ၃ သန်း အသုံးပြုသွားရန် လျာထားပြီး ယူရို ၃ ဒသမ ၃ သန်းကို သမဝါယမဘဏ် (CB Bank) နှင့် ချိတ်ဆက်၍ SME ကဏ္ဍအတွက် ပံ့ပိုးသွားမည်ဖြစ်သည်။

အလားတူ စက်မှုလက်မှုသင်တန်းကျောင်းများနှင့် လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများ တိုးတက်လာရေးအတွက် ယူရိုလေးသန်း ပံ့ပိုးသွားမည်ဖြစ်ရာ စက်မှုဝန်ကြီးဌာန၏ ဆင်တဲစက်မှုလက်မှု သင်တန်းကျောင်းတွင် ခေတ်မီစက်ပစ္စည်းများ တပ်ဆင်အဆင့်မြှင့်တင်ခြင်းနှင့် ဆရာဖြစ်သင်တန်းဖွင့်လှစ်ခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများတွင်လည်း အထောက်အပံ့ပေးသွားမည်ဖြစ်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးခရိုင်အတွင်းရှိ ကားလမ်းများအဆင့်မြှင့်တင်ခြင်းတွင် ယူရို ၅ သန်းနှင့် အခြားလိုအပ်သော ကဏ္ဍများတွင် ယူရို ၂ သန်း စုစုပေါင်း ယူရို ၇ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းပို့ချခြင်းများကို KFW ဖွံ့ဖြိုးရေးဘဏ်က ဂျာမနီပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ဖြစ်သော GIZ နှင့် ပူးတွဲအကောင်အထည်ဖော်သွားမည်ဖြစ်ကာ ကျေးလက်နေပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရန် ဆောင်ရွက်မှုများတွင် ဆက်လက်ကူညီသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ **စံကားဝါ**

# ကုန်ပစ္စည်းတင်သွင်းခြင်းလုပ်ငန်း ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂**

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ကြီးမှူးကျင်းပသည့် Myanmar TRS Exit Conference ကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး **(ယာပုံ)** အဆိုပါ ညီလာခံသို့ အကောက်ခွန် ဦးစီးဌာနမှ ကိုယ်စားလှယ် ၂၀၊ (ADB) မှ နှစ်ဦး၊ JICA မှ တစ်ဦး၊ ဂျပန်သံရုံးမှ နှစ်ဦး၊ အိန္ဒိယသံရုံးမှ တစ်ဦး၊ အခြားသောအစိုးရဌာန အဖွဲ့အစည်းများမှ ၅၇ ဦး စုစုပေါင်း ၈၃ ဦးတက်ရောက်ခဲ့ကြသည်။

အဆိုပါ ညီလာခံတွင် မြန်မာနိုင်ငံသို့ တင်သွင်းသောကုန်ပစ္စည်းများကို ရှင်းလင်းထုတ်ယူရာတွင် ကြာမြင့်သည့်အချိန်ကို လေ့လာဆန်းစစ်သည့် အစီရင်ခံစာပေါ်တွင် ADB မှ ကျွမ်းကျင်ပညာရှင်များက တင်ပြပြီး




တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဝင်းလှိုင်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများကျင်းပ

**ပဲခူး**။ ။ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေဖြင့် ပထမတာဝန်သည် ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ် အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အခန်းကဏ္ဍသည် အရေးပါသော အခန်းကဏ္ဍတွင်ရှိသည်ကို အစဉ်သတိရှိ၊ အသိရှိနေကြရန် လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြား ပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများမှ ဆုရရှိသောတပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်ကြသည်။

**(သတင်းစဉ်)**

**မအူပင်**။ ။ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက်နံနက် ၉ နာရီက ခရိုင်ရဲရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းမှပေးပို့သည့် သဝဏ်လွှာကို မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မြင့်က ဖတ်ကြားပြီး ၂၀၁၄ ခုနှစ်အတွင်း မှုခင်းကျဆင်းရေး၊ ပြေးလေးပြေး တရားခံဖော်ထုတ်ပေးနိုင်ရေးလုပ်ငန်းများကို ထူးချွန်စွာ ဆောင်ရွက်နိုင်သည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု ဆုတံဆိပ်နှင့်ငွေသားဆုများကို ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **အောင်ခိုင်(မအူပင်)**

**ရန်ကုန်**။ ။ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်ဇနီး၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် ဇနီးများ၊ ဆုရတပ်ဖွဲ့ဝင်များ၊ မိသားစုများ စုစုပေါင်း အင်အား ၈၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်ဇနီးတို့က ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင်များ၊ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော တပ်ဖွဲ့ဝင်သားသမီးများနှင့် နေအိမ်လိုင်းခန်းသန့်ရှင်းရေး ဆုရရှိသည့် မိသားစုဝင်များအား ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

MYANMAR PROPERTY

E-mail : pyitrunyay2014@gmail.com

UNIQUE STAR TRAVELS & TOURS

No.(70/A), Kabaaye Pagoda Rd. Bahan Tsp. Yangon. Ph: 860 4964, 860 4965, 860 4966

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

01-375970, 0951 72096, 0925 4541441

O.O.W Class III, MMMC Class III Chief Mate

Capt. San Moe Aung

ECDIS, RADAR

SUCCESS MARITIME ACADEMY

# (၁၅)နှစ်ပြည့် နှစ်ပတ်လည်ကို အမေရိကန်နှင့် နယူးဂျာစီတွင် ကျင်းပမည့် g.o.d

၁၉၉၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အမျိုးသားတေးသံရှင်ငါးဦးဖြင့် ဖွဲ့စည်းထားသည့် g.o.d အဖွဲ့၏ (၁၅)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို လာမည့်နိုဝင်ဘာလအတွင်း အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့နှင့် နယူးဂျာစီပြည်နယ်တို့တွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။



g.o.d အဖွဲ့သည် နိုဝင်ဘာ ၇ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့ရှိ Staples စင်တာ၌လည်းကောင်း၊ နိုဝင်ဘာ ၉ ရက်တွင် နယူးဂျာစီရှိ Prudential စင်တာတို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

g.o.d အဖွဲ့သည် အဖွဲ့ကွဲသွားခဲ့ပြီးနောက်ပိုင်း တစ်ကိုယ်တော်လှုပ်ရှားမှုများဖြင့် လှုပ်ရှားနေခဲ့ကြရာမှ ယခုနှစ်တွင် ပြန်လည်ပေါင်းစည်းခဲ့ကြခြင်းဖြစ်ကာ အဆိုပါအဖွဲ့၏ပြန်လည်ပေါင်းစည်းခြင်း အခမ်းအနားကို ပြီးခဲ့သည့်ဇူလိုင်လကဆိုးလ်၌ ကျင်းပခဲ့ပြီးဖြစ်သည်။

**မျိုးစန္ဒာမောင် - စုစည်းသည်**

## ယူကျူ့တွင် ကြည့်ရှုသူ သန်း ၁၀၀ ကျော်ခဲ့သည့် Girls' Generation ၏ တေးသီချင်းဗီဒီယို

တောင်ကိုရီးယားထိပ်တန်းအမျိုးသမီး တေးဂီတအဖွဲ့ Girls' Generation ၏ The Boys အယ်လ်ဘမ်မှ The Boys တေးသီချင်းဗီဒီယိုသည် ယူကျူ့ဝက်ဘ်ဆိုက်တွင် ကြည့်ရှုသူ သန်းပေါင်း ၁၀၀ ကျော်ဖြင့် သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့သည်။



Girls' Generation အဖွဲ့အနေဖြင့် ယင်းသို့ မှတ်တိုင်စိုက်ထူနိုင်ခဲ့ခြင်းသည် I Got A Boy နှင့် Gee သီချင်းတို့အပါအဝင် ယခုအကြိမ်နှင့်ပါဆိုလျှင် သုံးကြိမ်မြောက်ဖြစ်ပြီး အဆိုပါသီချင်းကို ၂၀၁၁ ခုနှစ်က အင်္ဂလိပ်၊ ကိုရီးယားဘာသာ နှစ်မျိုးဖြင့် ဖြန့်ချိခဲ့ခြင်းဖြစ်ကာ ယခုအချိန်ထိ ပရိသတ်အဟောင်းအသစ်များ အနေဖြင့် အားပေးနေကြဆဲဖြစ်ကြောင်းကို သက်သေတစ်ခုအဖြစ် သိရသည်။





# အာဆီယံထိပ်သီးအစည်းအဝေးလှုံ့ဆော်မှုပဒေသာကပွဲ မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ကျင်းပ

မန္တလေး အောက်တိုဘာ ၂

**အာဆီယံထိပ်သီးအစည်းအဝေးလှုံ့ဆော်မှု ပဒေသာကပွဲကို စက်တင်ဘာ ၂၈ ရက် ည ၇ နာရီက အမျိုးသား ကဇာတ်ရုံ (မန္တလေး)၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး၊ အနုပညာဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။**(အပေါ်ပုံ)

အဆိုပါ အာဆီယံထိပ်သီးအစည်းအဝေး လှုံ့ဆော်မှု ပဒေသာကပွဲကြီးကို ဟာသသရုပ်ဆောင်ဒါရိုက်တာ ဇာဂနာနှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလူမင်းတို့က ဦးဆောင်၍ ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြသည်။ ရှေးဦးစွာ အာဆီယံဂုဏ်ပြုတီးလုံးဖြင့် ပဒေသာကပွဲကြီးကို ဖွင့်လှစ်ပေးလိုက်ပြီး အစီအစဉ်အရ တေးဂီတဖျော်ဖြေမှုများဖြင့်လည်းကောင်း၊ အာဆီယံလှုံ့ဆော်မှု သီချင်းဖြင့်လည်းကောင်း၊ ဒါရိုက်တာ ဇာဂနာရေးသားစီစဉ်တင်ဆက်သည့် "ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ" အာဆီယံပြဇာတ်ဖြင့်လည်းကောင်း၊ မြိုင်မြိုင်ဆိုင်ဆိုင်နှစ်ပါးသွားသဘင်ဖြင့်လည်းကောင်း စိတ်ဝင်စားဖွယ် မြူးမြူးကြွကြွ ညှော့ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ဂျပန့်ရင်သွေးဇာတ်ကား အခမဲ့ကြည့်ရှုနိုင်

**ရန်ကုန် အောက်တိုဘာ ၂**

Laurel Art Academy ရုပ်ရှင်အနုပညာသင်ကျောင်းမှ ကျောင်းသားများနှင့် အများပြည်သူများကြည့်ရှုနိုင်ရန် ယခုလအတွက် "ဂျပန့်ရင်သွေး" ရုပ်ရှင်ကားကို အောက်တိုဘာ ၅ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီ တွင် ခြံအမှတ် ၁/၅(စီ) ပုလဲဥယျာဉ်အိမ်ရာ ဗဟန်းမြို့နယ် ပုလဲကွန်ဒိုဝင်းအတွင်းရှိ Laurel Art Academy Studio အတွင်း Commentato ဒါရိုက်တာ ကြည်စိုးထွန်းက ရှင်းလင်းပြသမည်ဖြစ်သည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

**သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး**





# ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂**

မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၄ ရက်က နောင်ဖာ ရဲကင်းရှေ့လမ်းမပေါ်၌ ယန်းလောရွာဘက်မှ ကျိုင်းတုံမြို့တွင်းသို့ စိုင်းဆမ်ခမ်းမောင်းနှင်ပြီး စိုင်းတွီလိုက်ပါလာသော မော်တော်ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀ သိမ်းဆည်းရမိသဖြင့် စိုင်းဆမ်ခမ်း (၂၉)နှစ်နှင့် စိုင်းတွီ(၃၀)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**စိုင်းဆမ်ခမ်းနှင့် စိုင်းတွီတို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

ရဲပြန်ကြား

## အောင်ပန်းမြို့နယ်တွင် ဘိန်းစိမ်း ၂ ဒသမ ၁၄ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂** - မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက်က အောင်ပန်းမြို့ ပင်လောင်းလမ်းခွဲ မာတင်ချော်လဲ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် လွိုင်ကော်မှ မန္တလေးသို့ ပြည့်ဖြိုးအေး မောင်းနှင်လာသော မော်တော်ယာဉ်အမှတ် 4C----- ခရီးသည်တင်ယာဉ်အား ရှာဖွေရာ ထိုင်ခုံအမှတ်(၁၇)တွင် လိုက်ပါလာသော နိုင်အောင်ထံမှ ဘိန်းစိမ်း ၂ ဒသမ ၁၄ ကီလို သိမ်းဆည်းရမိသဖြင့် နိုင်အောင်(၂၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



# ဘိန်းဖြူနှင့်လက်နက်များ သိမ်းဆည်းရမိ

**တာချီလိတ် အောက်တိုဘာ ၂**

တာချီလိတ်-မိုင်းဆတ်သွားကားလမ်းမပေါ်ရှိ လွယ်ဆမ်ဆုန်တောင်အနီးတွင် စက်တင်ဘာ ၃၀ ရက်က မူးယစ် ဆေးဝါးများသယ်ဆောင်လာသည်ဟူသော သတင်းအရမူးယစ်တပ်ဖွဲ့စု(၃၀)မှတပ်ဖွဲ့ဝင်များ၊ မိုင်းဆတ်နယ်မြေခံ ရဲတပ်ဖွဲ့ဝင် များ ပါဝင်သော ပူးပေါင်းအဖွဲ့က စောင့်ဆိုင်းနေစဉ် မဟုန်ကန်ရွာဘက်မှ မိုင်းဆတ်ဘက်သို့ အိုက်သန်း မောင်းနှင်ပြီး အေးလွင်(ခ)အိုက်ဆိုင်းနှင့် အိုက်စု(ခ)အိုက်နတ်တို့လိုက်ပါလာသည့် ဆယ်ဘီးယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်တွင် ဘိလပ်မြေများတင်ဆောင်လာပြီး ယာဉ်၏ကြမ်းခင်းအောက်တွင် အံ့ဝှက်ပြုလုပ်၍ လျှို့ဝှက်သယ်ဆောင်လာသော ဘိန်းဖြူဘလောက်တုံး ၆၆၅ တုံး စုစုပေါင်းအလေးချိန် ၁၉၉ ဒသမ ၅ ကီလို ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၃၁၉၂၀ သိန်းနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိသဖြင့် အောက်တိုဘာ ၂ ရက်တွင် မိုင်းတွမ်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မောင်ယဉ်ကျေး)**

# အရှိန်မထိန်းနိုင်သောယာဉ် ဘရိတ်ပေါက်ပြီး လမ်းပေါ်ရှိ ဓာတ်တိုင်ဝင်တိုက်

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ကမ်းနားလမ်းအတိုင်း စက်တင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီခန့်က တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် 6H---- မီနီဘတ်စ် ၁၀၇ ယာဉ်လိုင်း ခရီးသည်တင်ယာဉ်သည် သစ်တောလမ်းမှတ်တိုင်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ဘရိတ်ပေါက်ပြီး ပလက်ဖောင်းပေါ်ရှိ ပိတောက်ပင်နှင့် 66kv မဟာဓာတ်အားလိုင်းဓာတ်တိုင်အား ဝင်ရောက်တိုက်မိရာ ယာဉ်မှာ ရှေ့လေကာမှန်ကွဲကြေသွားပြီး ကားရှေ့ ဦးခေါင်းပိုင်းအနည်းငယ်ပျက်စီးသွားသည်။ ယင်းသို့တိုက်မိမှုကြောင့် ပိတောက်ပင်မှာ အမြစ်မှကျွတ်ထွက်သွားကာ 66kv မဟာဓာတ်အားလိုင်း ဓာတ်တိုင်အောက်ခြေပျက်စီးသွားပြီး ယာဉ်မောင်း မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူနိုင်ရေးအတွက် ယာဉ်မှုစစ်ဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**တင်မောင်ဦး(အလုံ)**




## တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ











# မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉။)
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဗိသုကာပညာ** ဆိုသည်မှာ လူနေမှုဘဝတိုးတက်မြင့်မားမှု၊ ဘေးအန္တရာယ်ကာကွယ်မှု၊ လုံခြုံမှု၊ သက်သောင့်သက်သာရှိမှုနှင့် အသုံးပြုရန်လိုအပ်ချက်ပြည့်စုံမှုသာမက အမြင်တင့်တယ်မှုတို့အတွက် ရည်ရွယ်၍ ပတ်ဝန်းကျင်ဂေဟစနစ် မပျက်စီးစေသော မြို့ကွက်ဒီဇိုင်းရေးဆွဲစီမံခြင်း၊ အများပြည်သူသုံး အဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများနှင့် ပုဂ္ဂလိက အဆောက်အအုံများကို ဒီဇိုင်းပုံစံထုတ်ဖန်တီးခြင်း၊ တီထွင်ကြံဆခြင်း၊ သုတေသနပြုခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ပညာရပ်ဖြန့်ဖြူးခြင်းတို့ အပါအဝင် လူမှုဘဝပတ်ဝန်းကျင်တွင် တည်ဆောက်ဖန်တီးသောပညာရပ်ကို ဆိုသည်။

(ခ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သော ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ဂ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ ဗိသုကာကောင်စီကို ဆိုသည်။

(ဃ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံဗိသုကာကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(င) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံဗိသုကာအလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(စ) **နည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာဒီပလိုမာရရှိသူကို ဆိုသည်။

(ဆ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူ** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာနည်းပညာဘွဲ့ရရှိသူကို ဆိုသည်။

(ဇ) **ဗိသုကာ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဗိသုကာပညာဘွဲ့ရရှိသူကို ဆိုသည်။

(ဈ) **ဗိသုကာပညာရှင်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးထားသော အကြီးတန်းဗိသုကာလိုင်စင် သို့မဟုတ် ဗိသုကာ လိုင်စင်ရရှိသူကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်ဆိုသည်မှာ** ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်နှင့် ဗိသုကာ မှတ်ပုံတင်လက်မှတ်တို့ကို ဆိုသည်။

(ဋ) **ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံတစ်ခုခုက အပ်နှင်းသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာရရှိသူအား ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်နှင့် နည်းပညာကျွမ်းကျင် သူမှတ်ပုံတင်လက်မှတ်တို့ကို ဆိုသည်။

(ဌ) **ဗိသုကာမှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်ဗိသုကာလက်မှတ်၊ ဗိသုကာလိုင်စင်၊ အကြီးတန်းဗိသုကာလိုင်စင်နှင့်နိုင်ငံခြား သား ဗိသုကာမှတ်ပုံတင်လက်မှတ်တို့ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်ဗိသုကာလက်မှတ်** ဆိုသည်မှာ ဗိသုကာပညာ ဆိုင်ရာဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူအား လည်းကောင်း၊ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်းပြည့်မီသူအားလည်းကောင်း ကောင်စီ ကထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဎ) **ဗိသုကာလိုင်စင်** ဆိုသည်မှာ မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိပြီး ဗိသုကာပညာရပ်အလိုက် ကောင်စီကကျင်းပသော စစ်ဆေး မှုများကို အောင်မြင်၍ သတ်မှတ်အရည်အချင်းပြည့်မီသော ဗိသုကာပညာရှင်အား ကောင်စီက ထုတ်ပေးသော အသိ အမှတ်ပြုလိုင်စင်ကို ဆိုသည်။

(ဏ) **အကြီးတန်းဗိသုကာလိုင်စင်**ဆိုသည်မှာ ဗိသုကာလိုင်စင်ရရှိပြီး သတ်မှတ်အရည်အချင်း ပြည့်မီသော ဗိသုကာပညာရှင်အား ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလိုင်စင်ကို ဆို သည်။

(တ) **နိုင်ငံခြားသား ဗိသုကာ မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြား သားဗိသုကာပညာရှင်အား လုပ်ကိုင်ခွင့်ပြုထားသည့် ဗိသုကာ ပညာ အမျိုးအစား၊ အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသည့်နေရာ ဒေသနှင့် အချိန်ကာလ ကန့်သတ်ချက်များဖြင့် ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗိသုကာပညာဆိုင်ရာ လုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ခ) ဗိသုကာပညာကို အကျိုးရှိ ထိရောက်စွာ အသုံးချခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူတို့၏ လူနေမှုပတ်ဝန်းကျင် အဆင့် အတန်းမြင့်မားလုံခြုံမှုရှိရန်၊

(ဂ) ဗိသုကာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ် ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရေး၊ နည်းစနစ်မှန်ကန်ရေး၊ ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့် စည်းရေးတို့အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းရန်၊

(ဃ) ဗိသုကာ ပညာဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ နည်းပညာများသင်ကြားရေး၊ လုပ်ငန်းကျွမ်း ကျင်မှု လေ့ကျင့်ရေး၊ အတတ်ပညာများ၊ နည်းပညာများ နီးနှော ဖလှယ်ရေး၊ ဗိသုကာပညာဆိုင်ရာ အတွေ့အကြုံများ ပြန့်ပွား ရေးတို့တွင် ဒေသဆိုင်ရာအပါအဝင် နိုင်ငံတကာပညာရှင်အဖွဲ့ အစည်းများ၊ ပညာရပ်ဆိုင်ရာ၊ သုတေသနဆိုင်ရာ အဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတွင် စနစ်ကျနသော ဦးဆောင်မှုပေးနိုင်ရန်။

## အခန်း(၃)
## မြန်မာနိုင်ငံဗိသုကာကောင်စီဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် မြန်မာနိုင်ငံဗိသုကာကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | တာဝန်ခံဝန်ကြီးဌာနမှသင့်လျော်သော ဗိသုကာ | ၄ ဦး |
| (ခ) | ဗိသုကာပညာသင်ကြားရေးဆိုင်ရာ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှသင့်လျော်သော ဗိသုကာနှင့်ယင်းတို့၏သက်ဆိုင်ရာဝန်ကြီးဌာနများမှ အနည်းဆုံး တစ်ဦးစီပါဝင်သည့်ဗိသုကာ | ၅ ဦး |
| (ဂ) | နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သင့်လျော်သော ဗိသုကာ | ၁ ဦး |
| (ဃ) | ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သင့်လျော်သော ဗိသုကာ | ၁ ဦး |
| (င) | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သင့်လျော်သော ဗိသုကာ | ၁ ဦး |
| (စ) | အစိုးရမဟုတ်သော ဗိသုကာ ပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ရွေးကောက်ခံဗိသုကာ ပညာရှင် | ၁၈ ဦး |
| (ဆ) | ဝါရင့်ဗိသုကာပညာရှင် | ၃ ဦး |

၅။ ကောင်စီဝင်များသည် ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေး မှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦးနှင့် ဘဏ္ဍာရေးမှူးတစ်ဦးတို့ကို သတ်မှတ် ချက်များနှင့်အညီ မိမိတို့ကောင်စီဝင်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၆။ ကောင်စီဝင်များသည် ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အလို့ငှာ ကောင်စီဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်း ကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ ကောင်စီဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ ကျန်ရှိသော ကောင်စီဝင်များအနက်မှ သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက် ထားသော အဖွဲ့ဝင်ရှစ်ဦးက အဖွဲ့ဝင်များအဖြစ် လည်းကောင်း စုစုပေါင်း တစ်ဆယ့်ငါးဦး ပါဝင်စေလျက် မြန်မာနိုင်ငံဗိသုကာ အလုပ်အမှုဆောင်အဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။

၇။ ကောင်စီနှင့်ကောင်စီဝင်များ၏သက်တမ်းကို အောက်ပါအတိုင်း သတ်မှတ်ရမည်-

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့် အညီဖြစ်သည်။

(ဂ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ကြိမ်သာ ဆောင် ရွက်ခွင့်ရှိသည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်အထိ ဆောင်ရွက်နိုင်သည်။

(င) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီသက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်ရမည်။

(စ) ပုဒ်မခွဲ(င)အရ ဖြည့်စွက်ထမ်းဆောင်သောကာလသည် ပုဒ်မခွဲ(ဂ)နှင့် (ဃ)ပါ သက်တမ်းနှင့်သက်ဆိုင်ခြင်း မရှိစေရ။

(ဆ) လက်ရှိကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပုဒ်မ ၄ အရ ကောင်စီအသစ်ကို ရက်ပေါင်း ၆၀ အတွင်း ဖွဲ့စည်းပြီး စတင်တာဝန်ထမ်းဆောင်ချိန်အထိ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

## အခန်း(၄)
## ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီက အသိအမှတ်ပြုသော ဗိသုကာပညာဘွဲ့၊ ဗိသုကာ နည်းပညာဘွဲ့နှင့် ဗိသုကာ ဒီပလိုမာများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ခ) နိုင်ငံတကာ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေးအတွက် ဗိသုကာပညာနှင့် သက်ဆိုင်သော တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံပညာရေးအဖွဲ့များကို အသိ အမှတ်ပြု အမည်စာရင်းထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာဝန်ကြီး ဌာနများသို့ လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အကူအညီ ပေးခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရန် အလို့ငှာ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံ တစ်ခုခုက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာရရှိသူများကို အသိ အမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) ဤဥပဒေအရ မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးထုတ်ပေးရန် အလို့ငှာ ဗိသုကာပညာဘွဲ့၊ ဗိသုကာနည်းပညာဘွဲ့နှင့် ဗိသုကာဒီပလိုမာရရှိသူများ တတ်မြောက်ရန်လိုအပ်သော အရည်အချင်းများကို သတ်မှတ်ခြင်း၊

(င) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများသတ်မှတ်ခြင်းနှင့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးနှင့် အဆင့် အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ စိစစ်ခြင်းနှင့် လိုအပ်ပါက အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်း ပြုစုထားရှိခြင်းနှင့် ယင်းစာရင်းကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(ဇ) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ၏ အရည် အသွေး၊ အဆင့်အတန်းထိန်းသိမ်းမြှင့်တင်ရန် လိုအပ်သော စံချိန်စံညွှန်းများနှင့် ဗိသုကာပညာဆိုင်ရာကျင့်ထုံးများ ပြုစုရေးအတွက် တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီး ဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့အကြံပြုခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဈ) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာသင်ကြားမှုအဆင့်အတန်း မြင့်မားစေရန်နှင့် အရည်အသွေးပြည့်ဝသော ဗိသုကာ ပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်း ပညာကျွမ်းကျင်သူများပေါ်ပေါက်စေရန် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော ဗိသုကာပညာနှင့် နည်းပညာ ဆိုင်ရာ ပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်း များသို့ အကြံပြုခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(ည) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းလိုအပ်ချက် များနှင့်အညီ ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှုရရှိနိုင်စေရန် တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(ဋ) ဗိသုကာပညာနှင့် နည်းပညာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေးအတွက် စာတွေ့နှင့် လက်တွေ့သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူးကျင်းပခြင်း၊ အပြည် ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့ အစည်းအဝေးများ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

စာမျက်နှာ ၁၅ မှ

(ဌ) ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(ဍ) ပြည်တွင်းပြည်ပ အတိုင်ပင်ခံ ဗိသုကာပညာရှင်များနှင့် ဗိသုကာပညာဆိုင်ရာလုပ်ငန်းနှင့် သက်ဆိုင်သော ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှုရှိ၊ မရှိ စိစစ်ရန် တာဝန်ခံဝန်ကြီးဌာနမှ အကြောင်းကြားလာပါက စိစစ်၍ သဘောထားပြန်ကြားခြင်း၊

(ဎ) ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(ဏ) မှတ်ပုံတင်အရာရှိချုပ် ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(တ) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီ၊

(၂) ဗိသုကာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ၊

(၃) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၄) စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၅) စံချိန်စံညွှန်းနှင့် ဗိသုကာပညာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေးလုပ်ငန်းကော်မတီ၊

(၆) ဗိသုကာပညာ စဉ်ဆက်မပြတ်သင်ကြားရေးလုပ်ငန်း ကော်မတီ၊

(၇) ဗိသုကာပညာဆိုင်ရာကုမ္ပဏီများ၊ အဖွဲ့အစည်းများ စိစစ်အသိအမှတ်ပြုရေးလုပ်ငန်းကော်မတီ၊

(၈) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

(ခ) ဗိသုကာပညာအလိုက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ သီးခြားကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်နှင့် စပ်လျဉ်း၍ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးနှင့် မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးတို့ကို သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတော်အတွက် အကျိုးပြုမည့်ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ ဗိသုကာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း။

၁၀။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၁။ ကောင်စီသည် ရုံးလုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်အရာရှိချုပ် ဦးဆောင်သောရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် မှတ်ပုံတင်အရာရှိတစ်ဦးဦးဆောင်သော ရုံးအဖွဲ့ခွဲများကိုလည်း ဖွဲ့စည်းနိုင်သည်။

## အခန်း(၅)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၂။ ကောင်စီသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ အလုပ်အမှုဆောင်အဖွဲ့၏ အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် ခွင့်ပန်ကြားခြင်းမရှိဘဲ သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီနှင့် ခြောက်လနှင့်အထက် ကင်းကွာခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(စ) ကိုယ်ကျင့်တရားပျက်ယွင်းသည်ဟု စစ်ဆေးတွေ့ရှိခြင်း၊

(ဆ) စိတ်ရောဂါစွဲကပ်ခြင်း သို့မဟုတ် အသိဉာဏ်ပျက်ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဇ) ကွယ်လွန်ခြင်း။

## အခန်း(၆)
## အစည်းအဝေးများကျင်းပခြင်း

၁၃။ အစည်းအဝေးများကို အောက်ပါအတိုင်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်-

(က) ကောင်စီ၏ပုံမှန်အစည်းအဝေးကို သုံးလလျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

(ဂ) ကောင်စီဝင်ဦးရေ၏ အနည်းဆုံးလေးပုံတစ်ပုံက စာဖြင့်ရေးသား တောင်းဆိုလျှင် အထူးအစည်းအဝေးခေါ်ယူခြင်း။

၁၄။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပမည့်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၅။ ကောင်စီသည် မိမိ၏ဆောင်ရွက်ချက်များကို တာဝန်ခံဝန်ကြီးဌာနသို့ ခြောက်လလျှင်တစ်ကြိမ် တင်ပြရမည်။ လိုအပ်ပါက အခါအားလျော်စွာ အသိပေးတင်ပြနိုင်သည်။

## အခန်း(၇)
## ဘဏ္ဍာရေး

၁၆။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရမည်-

(က) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးရန် ပျက်ကွက်သည့် ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသောငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၁၇။ ကောင်စီသည်-

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်ရမည်။

(ခ) ရန်ပုံငွေလုံလောက်မှုမရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၁၈။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည်။

## အခန်း(၈)
## ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၉။ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုက အပ်နှင်းသော ဗိသုကာနည်းပညာဘွဲ့ သို့မဟုတ် ဗိသုကာဒီပလိုမာရရှိသူသည် ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၀။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၁၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးသည့်အခါ ယင်းကျွမ်းကျင်မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၁။ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ရရှိသူသည် မိမိ၏ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့သတ်မှတ်ထားသည့် ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

၂၂။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေ၍ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၃။ (က) နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားသူအား ဗိသုကာအထူးပြု ပညာရပ်အလိုက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုများပြုလုပ်၍ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၄။ (က) ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့်ကာလပြည့်မြောက်ပါက မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားသူအား ဗိသုကာအထူးပြုပညာရပ်အလိုက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုများ ပြုလုပ်၍ မှတ်ပုံတင်ဗိသုကာလက်မှတ်ကို ထုတ်ပေးရမည်။

## အခန်း(၉)
## ဗိသုကာမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၅။ ပြည်တွင်းပြည်ပရှိ ဗိသုကာပညာ၊ နည်းပညာ၊ အင်ဂျင်နီယာ ပညာဆိုင်ရာ တက္ကသိုလ်နှင့် ကောလိပ်တစ်ခုခုက အပ်နှင်းသော ဗိသုကာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ရရှိထားပြီး ကောင်စီကသတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည် လည်းကောင်း မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၂၆။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဗိသုကာလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ဗိသုကာလက်မှတ်ထုတ်ပေးသည့်အခါ ယင်းမှတ်ပုံတင်ဗိသုကာလက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၇။ (က) မှတ်ပုံတင်ဗိသုကာလက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်သည့်အခါ ဗိသုကာလိုင်စင်ရရှိပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ဗိသုကာပညာအလိုက် ကောင်စီကကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ သတ်မှတ်အရည်အချင်း ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်၍ ဗိသုကာလိုင်စင်ထုတ်ပေးရမည်။

၂၈။ (က) ဗိသုကာလိုင်စင်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်သည့်အခါ အကြီးတန်းဗိသုကာလိုင်စင်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် သတ်မှတ်အရည်အချင်း ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်၍ အကြီးတန်းဗိသုကာလိုင်စင်ထုတ်ပေးရမည်။

၂၉။ (က) ဗိသုကာမှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးရရှိသူသည် မိမိ၏ ဗိသုကာမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ယင်းသို့ သတ်မှတ်ထားသည့် ကာလကျော်လွန်သွားပါက သတ်မှတ်ချက်များနှင့်အညီ ရက်လွန်ကြေးပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက လျှောက်ထားသူအား သက်တမ်းတိုးမြှင့်ကြေးပေးသွင်းစေရမည်။

၃၀။ (က) နိုင်ငံခြားသား ဗိသုကာပညာရှင်သည် နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ်ကို ရယူလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး နိုင်ငံခြားသား ဗိသုကာမှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) နိုင်ငံခြားသားဗိသုကာ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လုပ်ကိုင်ခွင့်ပြုသည့် ဗိသုကာပညာအမျိုးအစား၊ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသ၊ အချိန်ကာလကန့်သတ်ချက်နှင့် အခြားလိုအပ်သော စည်းကမ်းချက်များကို ဖော်ပြရမည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

● စာမျက်နှာ ၁၆ မှ

## အခန်း(၁၀)
## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-
(က) ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။
(ခ) ကောင်စီက သတ်မှတ်သည့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။
(ဂ) မိမိပညာရပ်နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့် ဗိသုကာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို တရားဝင်လုပ်ကိုင်ခွင့်ရှိသည်။
(ဃ) မိမိရရှိထားသော သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်အရ မိမိအမည်နှင့်ယှဉ်တွဲအသုံးပြုနိုင်သော အခေါ်အဝေါ်များကို သတ်မှတ်ချက်နှင့်အညီ သုံးစွဲနိုင်ခွင့်ရှိသည်။
(င) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။
(စ) မိမိ၏နစ်နာချက်များကို ကောင်စီသို့တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

## အခန်း(၁၁)
## စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းအရ အရေးယူခြင်း

၃၂။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရရှိသူ မည်သူမဆို မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည်-
(က) သတိပေးခြင်း၊
(ခ) သင့်လျော်သော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊
(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊
(ဃ) မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်း။

## အခန်း(၁၂)
## အယူခံခြင်း

၃၃။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။
၃၄။ ပုဒ်မ ၃၃ အရ အယူခံမှုတွင် ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။
၃၅။ ပုဒ်မ ၃၄ အရ ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၃)
## တားမြစ်ချက်များ

၃၆။ နိုင်ငံ့ဝန်ထမ်းဗိသုကာများက တာဝန်အရ ဆောင်ရွက်ခြင်းမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ဗိသုကာဆိုင်ရာ လုပ်ငန်းနှင့်နည်းပညာဆိုင်ရာလုပ်ငန်းများကို ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ။
၃၇။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမျှ မိမိရရှိသည့် အဆင့်အတန်းနှင့်မလျော်ညီသော အခေါ်အဝေါ် စကားရပ်များကို မိမိ၏ အမည်နှင့်ယှဉ်တွဲ၍ သုံးနှုန်းခြင်းမပြုရ။
၃၈။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမျှ-
(က) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုစေခြင်းမပြုရ။
(ခ) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့်အရေးယူမှု သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ အဆိုပါ အရေးယူမှု သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်းမရှိရ။

## အခန်း(၁၄)
## ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
၄၀။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
၄၁။ မည်သည့်မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။
၄၂။ မှတ်ပုံတင်လက်မှတ်ရရှိသူ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၅)
## အထွေထွေ

၄၃။ နိုင်ငံ့ဝန်ထမ်း၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် မှတ်ပုံတင်လက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။
၄၄။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော မြန်မာနိုင်ငံဗိသုကာ အလုပ်အမှုဆောင်အဖွဲ့က ဗိသုကာပညာရှင်တစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းသည် ဤဥပဒေနှင့်အညီထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းဖြစ်သည်ဟု မှတ်ယူရမည်။
၄၅။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့်ဆောင်ရွက်ကြောင်းထင်ရှားလျှင် ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တာဝန်မရှိစေရ။
၄၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။
၄၇။ မြန်မာ့ရိုးရာဗိသုကာပညာရှင်နှင့် အင်ဂျင်နီယာတို့သည် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသောလုပ်ငန်းများနှင့် အများပြည်သူဘေးအန္တရာယ်ဖြစ်စေနိုင်သော ဗိသုကာလုပ်ငန်းများမှအပ မိမိတို့၏ လုပ်ငန်းများကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။
၄၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။
၄၉။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် တာဝန်ခံဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။
၅၀။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကောင်စီက ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ထောက်ပံ့ကူညီပေးရမည်။
၅၁။ ကောင်စီသည် ပြည်တွင်း၊ပြည်ပရှိ အဖွဲ့အစည်းများနှင့်အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့်အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည်။
၅၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများကို တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် မြတ်ပညာမဂ္ဂဇင်း ပုံနှိပ်ထုတ်ဝေမည်

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်တွင် ပညာရေးမြှင့်တင်မှုကို လက်တွေ့ကျကျပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပြီးတစ်နိုင်ငံလုံးရှိ ပညာရေးဝန်ထမ်း ဆရာဆရာမများအတွက်လည်း ပြုပြင်ပြောင်းလဲသည့်သင်ရိုးနှင့်အညီ သင်တန်းများ၊ ဆွေးနွေးပွဲများ ကျင်းပလျက်ရှိသကဲ့သို့ စာပေနှင့် ထိတွေ့နိုင်ကြစေရန် တိုက်တွန်းအားပေးလျက်ရှိရာ ယခုအခါ အထက်တန်းဆရာ၊ ဆရာမများအတွက် ပညာရေး မဂ္ဂဇင်းတစ်စောင်လိုအပ်ချက်အရ မြတ်ပညာမဂ္ဂဇင်းကော်မတီဖွဲ့စည်းပြီး ပညာတန်ဆောင်အဖွဲ့က တာဝန်ယူ၍ မြတ်ပညာမဂ္ဂဇင်းကို ထုတ်လုပ်ဖြန့်ချိပေးသွားမည်ဖြစ်သည်။


အဆိုပါ မြတ်ပညာမဂ္ဂဇင်းကို ကမ္ဘာ့ဆရာများနေ့အား ဂုဏ်ပြု၍ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့အမီ စတင်ထုတ်ဝေမည်ဖြစ်သည်။ မြတ်ပညာမဂ္ဂဇင်းတွင် ဆရာဇော်ဂျီ၊ ဆရာမင်းယုဝေ၊ တင်မိုး၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ကောင်းသန့်၊ တင်လမင်း ဇော်၊ ညွှန့်အေး(အင်းဝ)၊ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ မောင်အေးနှစ်တို့၏ အဖွင့်ကဗျာနှင့်ကဗျာများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့မှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၏ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ သင်္ချာအစရှိသည့် ဘာသာရပ်ဆိုင်ရာသိကောင်းစရာများနှင့်သင်ပြနည်းဆောင်းပါးများ၊ စာရေးဆရာကြီးများဖြစ်ကြသည့် အောင်သင်း၊ ချစ်စံဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာခင်မောင်ညို၊ ဆရာကြီးဦးသိန်းလွင်၊ ဦးသန်းထွတ်(ပါမောက္ခ-ငြိမ်း)၊ ဦးမြင့်ဟန် (ပညာရေးသုတေသန)တို့၏ သုတရသဆောင်းပါးများ၊ လယ်တွင်းသားစောချစ်၊ ပုသိမ်အောင်သန်း ဦးတို့၏ ဝတ္ထုတိုများနှင့်အခြားကဏ္ဍများလည်းပါဝင်သည်။

ဆရာဆရာမများအနေဖြင့် မြတ်ပညာ မဂ္ဂဇင်းကိုတစ်ဦးချင်းမှာယူလိုပါက ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးမှူး အမှတ် (၃) ရန်အောင်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ မှာယူနိုင်ကြပြီး မဂ္ဂဇင်း တစ်အုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်)ဖြစ်ကြောင်းသိရှိရသည်။

မဂ္ဂဇင်းကို နှစ်လတစ်ကြိမ် ဆက်လက်ပြုစုထုတ်ဝေသွားမည်ဖြစ်ပြီး အထက်တန်းကျောင်းအုပ်ကြီးများ၊ ဘာသာရပ်မှူး၊ ဆရာဆရာမများနှင့် စာပေဝါသနာပါကြသည့် ဆရာဆရာမကလောင်ရှင်များအနေဖြင့်လည်း စာမူများရေးသားပေးပို့ရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**တိုက်ခန်းရောင်းမည်**

စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း မြေညီထပ် 12.5'x 50' အိပ်ခန်း (၂)ခန်းပါ၊ A/C ၁လုံးပါ။ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာ၊ ကြွေပြားကပ်ပြီး စီးပွားရေးလုပ်ရန်နေရာကောင်း၊ ကုမ္ပဏီဖွင့်ရန် သင့်တော် အသင့်နေရုံ/
ဆက်သွယ်ရန်ဖုန်း
၀၉-၂၅၀၁၄၉၅၄၇၊
၀၉-၇၃၁၅၀၆၇၉

# မြန်အောင်မြို့နယ်အသင်း( ရန်ကုန် )မှ မြန်အောင်မြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများတွင် အလှူငွေပေးအပ်

**မြန်အောင်၊ အောက်တိုဘာ ၂**

မြန်အောင်မြို့နယ်အသင်း (ရန်ကုန်) မှ မြန်အောင်မြို့ပေါ်ရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၊ ဆွမ်းလောင်းအသင်းများ၊ စာပြန်ပွဲကျင်းပသောကျောင်းတိုက်များ၊ ပရဟိတကျောင်းတိုက်များနှင့် သီလရှင်ဆရာလေးတို့အား အလှူငွေပေးအပ်ပွဲ အခမ်းအနားကိုစက်တင်ဘာ ၂၉ ရက်က မြန်အောင်မြို့ ဆုတောင်းပြည့်ဘုရား ဓမ္မာရုံတွင် ကျင်းပရာ မြန်အောင်မြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးလှမြင့်နှင့် တာဝန်ရှိသူတို့က စုစုပေါင်းအလှူငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ မြို့ပေါ်ရှိတန်ခိုးကြီးဘုရား ၁၁ ဆူ၊ ဆွမ်းလောင်းအသင်း ခုနစ်သင်း၊ စာပြန်ပွဲကျင်းပသောကျောင်းတိုက်များနှင့် ပရဟိတကျောင်းတိုက်တို့မှ ဘုရား/ကျောင်းဂေါပကအဖွဲ့နှင့် အကျိုးတော်ဆောင်တို့က လက်ခံရယူကြသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် မြို့မိမြို့ဖများ၊ ဘုရား/ကျောင်းဂေါပကအဖွဲ့များနှင့် အကျိုးတော်ဆောင်များ၊ မြန်အောင်မြို့နယ်အသင်း(ရန်ကုန်) မှ အသင်းသူ၊ အသင်းသားများ တက်ရောက်ကြပြီး မြို့မိမြို့ဖ ဦးမောင်ထွန်းနှင့် ဦးမောင်လှတို့က ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။

**မြန်အောင်(ပြန်/ဆက်)**



# အသင်းပိုင် မူကြိုကျောင်းများသို့ ရုပ်မြင်သံကြားစက်၊ ကျောင်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်း ပေးအပ်

**ရန်ကုန်၊ အောက်တိုဘာ ၂**

ရန်ကုန်မြို့၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၂၀) ရပ်ကွက်နှင့် အမှတ် (၁၉) ရပ်ကွက်အတွင်းရှိ မူကြိုကျောင်းများတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းများသို့ ရုပ်မြင်သံကြားစက်၊ ကျောင်းဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကိုစက်တင်ဘာ ၂၉ ရက်က အမှတ်(၁၉) ရပ်ကွက် ချစ်ကြည်ရေးလမ်းမပေါ်ရှိ မူကြိုကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါ၊ မြို့နယ်အဆင့်၊ ရပ်ကျေးအဆင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်အေး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ကျောင်းကော်မတီဝင်နှင့် ကျောင်းသား၊ ကျောင်းသူ၊ မိဘပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်ထောက်ကူပစ္စည်းလှူဒါန်းပေးအပ်ပွဲတွင် မြို့နယ်အတွင်းရှိ မူကြိုကျောင်းနေအရွယ်ကလေးများ ကျောင်းနေပျော်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်ဝါဝါက ပြောသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# ညောင်ဦးတွင် တစ်ပိုင်တစ်နိုင် ကျွန်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

**ညောင်ဦး၊ အောက်တိုဘာ ၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိ သစ်တောရေးရာဦးစီးဌာနသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ညောင်ဦး-မြင်းခြံလမ်း အောက်ညဥ့်ကျေးရွာရှိ ပလပ်မြေလွတ်မြေရိုင်း ဧရိယာများပေါ်တွင် တစ်ပိုင်တစ်နိုင် ကျွန်းစိုက်ခင်းများကို နှစ်အလိုက်လျာထားပြီး စမ်းသပ်စိုက်ပျိုးလာခဲ့ရာ ယခုအခါတွင် အောက်ညဥ့်ကျေးရွာ သူကောင်းတည်မြစ်ရေတင်ဘေးတွင်လည်းကောင်း၊ မြေနဲ့ရွာထိပ်တွင်လည်းကောင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ယခင်စိုက်ပျိုးခဲ့စဉ်ကတော့ အောက်ညဥ့်ကျေးရွာများက သက်ဆိုင်ရာကွင်းအတွင်းပါဝင်တဲ့ ကျေးလက်နေပြည်သူများက ကျေးလက်ဒေသစိုက်ခင်းအဖြစ် စိုက်ပျိုးခဲ့တာပါ။ အပင်ငယ်စဉ်တုန်းက နွေရာသီရောက်ရင် ရေလောင်းပေးရပါတယ်။ တစ်နှစ်တစ်ခါဆိုသလို ကျွဲတွေ၊ နွားတွေ၊ သိုးတွေ၊ ဆိတ်တွေ မစားအောင် ခြံခတ် ပြုပြင်ထိန်းသိမ်းကြရပါတယ်။ နောက်ပိုင်းမှာဘယ်သူမှ မစောင့်ရှောက်ဘဲ ကြီးထွားလာခဲ့ပါတယ်။

"ဒီစိုက်ခင်းတွေကို ပုဂ္ဂလိကကိုယ်ပိုင်စိုက်ခင်းတွေလို ဂရုစိုက်မယ်ဆိုရင် ပိုမိုဖြစ်ထွန်းအောင်မြင်နိုင်ပါတယ်။ စိုက်ပျိုးပြီးစကတည်းက ဂရုစိုက်မယ်ဆိုရင် ယခုထက်ပိုမို အပင်သန်နိုင်ပါတယ်။ ကျွန်တော်တို့ကျေးရွာစိုက်ခင်းအဖြစ် ပေးအပ်မယ်ဆိုရင်လည်း ကျွန်တော်တို့ရွာက ဂရုစိုက်နိုင်ပါတယ်။ နိုင်ငံတော်ပိုင်စိုက်ခင်းအဖြစ် ပြုလုပ်မယ်ဆိုရင်လည်း စံချိန်စံညွှန်းအမီ ပြုစုစောင့်ရှောက်သင့်ပါတယ်" ဟု အောက်ညဥ့်ကျေးရွာသားတစ်ဦးက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မူဆယ်၊ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်တွင် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အကပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မူဆယ်မြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး မင်းမင်းဦး၊ ခရိုင်လဝကမှူး ဒု-ညွှန်မှူး ဦးဝင်းကို၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်မြို့နယ် ဌာနဆိုင်ရာများ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ကြမည့် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ၊ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင် မြို့နယ်များမှ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မူဆယ်ခရိုင် (၂၁) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ခရိုင်အုပ်ချုပ်ရေးမှူးက ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းမှာကြားသည်။ ထို့နောက် ခရိုင်အတွင်း မြို့နယ်များမှ ပြိုင်ပွဲဝင်များက ယှဉ်ပြိုင်ခဲ့ပြီး ယဉ်ကျေးမှုအဖွဲ့များက ဖျော်ဖြေခဲ့ကြသည်။

**သိန်းဇော်(ရွှေလီ)**

# လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေး အရစ်ကျငွေချေစနစ်ဖြင့် ထီးလင်းတွင် ရောင်းချမည်

**ထီးလင်း၊ အောက်တိုဘာ ၂**

ကျေးလက်နေတောင်သူများဘဝမြင့်မားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးတို့အတွက် လယ်ယာသုံးစက်ကိရိယာများကို သမဝါယမဝန်ကြီးဌာနက သမဝါယမအသင်းသားများထံ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးရန် အစီအစဉ်ရှိကြောင်း သိရသည်။

ဖော်ပြပါ လယ်ယာသုံးစက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ရေး မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ရပ်ကွက်/ကျေးရွာ သမဝါယမအသင်း ၈၆ သင်းတို့ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်က ထီးလင်းမြို့နယ် သမဝါယမဦးစီးဌာနတွင် ပြုလုပ်ခဲ့သည်။

အဆိုပါလယ်ယာသုံး စက်ကိရိယာများမှာ ကိုရီးယားနိုင်ငံထုတ် လက်တွန်းထွန်စက်နှင့် စပါးခြွေလှေ့စက်များဖြစ်၍ စက်တန်ဖိုး၏ ၁၅ ရာခိုင်နှုန်းကို လက်ငင်းငွေပေးသွင်းပြီး ကျန်ငွေကို ခြောက်လတစ်ကြိမ် အရင်း၊ အတိုးနှစ်ရပ်ပေါင်း အရစ်ကျပေးဆပ်သွားကာ ခြောက်နှစ်အတွင်း ငွေအကျေပေးသွင်းသည့်စနစ်ဖြင့် သမဝါယမအသင်းသားများထံ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၆၅)**

# ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ ကျင်းပ

**ဆော၊ အောက်တိုဘာ ၂**


ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ဂန့်ဂေါခရိုင် ဆောမြို့ သီရိရပ်ကွက် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာဟာထန်းဘွေက ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ ( World School Milk Day) နှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသူ ၁၂၀ တို့အား နို့ပေါင်းများ တိုက်ကျွေးခဲ့သည်။

**(၄၆၅)**











**ကားရောင်းမည်**

အိမ်စီးကားသန့် 1300cc 7E ကီလို ၄၀၀၀၀ကျော် Mitsubishi colt

ဖုန်း-၀၉-၂၅၄၆၀၈၇၆၉

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တရားရုံး**

**၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၆**

ဦးဝင်းလှိုင် နှင့် ၁။ ဒေါ်စုမြတ်ဝင်း
၂။ ဒေါ်ချိုချိုစန်း
၃။ ဦးကျော်ဝင်း
၄။ ဒေါ်နွဲ့နွဲ့ရီ
၅။ ဒေါ်အုန်းကြည်(ခ)ဒေါ်ဝင်းကြည်

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကင်းလမ်း၊ အမှတ်(၂၈၇)နေ ဦးကျော်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ လေးဒေါင့်ကန်လမ်းမကြီး၊ အမှတ်(၄၁)နေ ဒေါ်နွဲ့နွဲ့ရီ(ယခုနေရပ်လိပ်စာမသိသူ)၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ ခိုင်သဇင်လမ်း၊ အမှတ်(ဆ/၄၂၃)နေ ဒေါ်အုန်းကြည်(ခ)ဒေါ်ဝင်းကြည် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။ သင့်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၁၆ရက်(၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူများ၊ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်ပါသည်။

(ဇင်ဇင်ခိုင်)
တွဲဖက်မြို့နယ်တရားသူကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

# မော်လမြိုင်တွင် တရားမဝင်ဆေးဝါး၊ တားမြစ်အလှကုန် သက်တမ်းလွန် စားသောက်ကုန်များ ဖျက်ဆီး



**မော်လမြိုင်၊ အောက်တိုဘာ ၂**

မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ မွန်ပြည်နယ်၌ ပညာပေးကာလအတွင်း ကွင်းဆင်းစစ်ဆေးမှုပြုရာတွင် တွေ့ရှိသိမ်းဆည်းခဲ့သော မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်ခြင်းမရှိသည့် တရားမဝင်ဆေးများ၊ သက်တမ်းလွန် အစားအသောက်၊ လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်းများ၊ ပျက်စီးနေသော ဆေးဝါးများကို ပြည်နယ်ကွပ်ကဲရေးကော်မတီဝင်များ ရှေ့မှောက်တွင် စိစစ်ကြည့်ရှု၍ စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ပိန်းနဲကုန်းသုသာန်၌ ဖျက်ဆီးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

“ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနရုံးခွဲ ဖွင့်ပြီးနောက်ပိုင်း ဒုတိယအကြိမ်အဖြစ် ပြုလုပ်ခြင်းဖြစ်ပါတယ်။ အခုလောလောဆယ်တော့ ပညာပေးတဲ့အနေနဲ့ ပစ္စည်းသိမ်းဆည်းပြီး၊ နောက်ထပ်မရောင်းချဖို့ ခံဝန်လက်မှတ်ထိုးခိုင်းတာပဲ လုပ်ပါတယ်။ နောင်ဆိုရင် အမျိုးသားဆေးဝါးနှင့် အမျိုးသားအစားအသောက် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်”ဟု ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ခံဦးစီးအရာရှိ ဒေါက်တာစိုးနိုင်က ပြောသည်။

ဖျက်ဆီးမှုပြုခဲ့သည်များတွင် မော်လမြိုင်အမှတ်(၁) ပြည်သူ့ဈေး၊ ဘီးလင်းမြို့နယ်ရှိ ဈေးများနှင့် ပြင်ပစတိုးဆိုင်များမှ တွေ့ရှိသိမ်းဆည်းရမိသော ဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် တရားမဝင်ဆေးဝါးနှစ်မျိုး ကာလတန်ဖိုး ၂၁၅၀၀ ကျပ်၊ အလှကုန် ပစ္စည်းရှစ်မျိုး ကာလတန်ဖိုး ၁၁၆၁၀၀ ကျပ်၊ သက်တမ်းလွန် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှအပဆိုင်ရာပစ္စည်း ၁၄၆ မျိုး ကာလတန်ဖိုး ၂၆၇၂၃၀၀၀ ကျပ် စုစုပေါင်း ကာလတန်ဖိုး ၂၆၈၆၀၆၀၀ ကျပ်ရှိ ပစ္စည်းများကို စိစစ်၍ မီးရှို့ခြင်း၊ အရည်အမှုန့်များအား လောင်းသွန်ခြင်း၊ မြေမြှုပ်ခြင်း စသည့် ပတ်ဝန်းကျင် အန္တရာယ်ကင်းရှင်းရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

## EXIM BANK မှချေးငွေများပြန်လည် ထုတ်ချေးရေး ကျိုင်းတုံ၌ လုပ်ငန်းရှင်းလင်း

**ကျိုင်းတုံ၊ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၊ သမဝါယမအသင်းဝင်များအား တရုတ်နိုင်ငံ EXIM BANK မှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထုတ်ချေးခြင်း ထပ်ဆင့်ရှင်းလင်းပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အဖွင့်အမှာစကားပြောကြားရာ နိုင်ငံတော်၏ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ကို အထောက်အကူဖြစ်စေမည့် ငွေကြေးအရင်းအနှီး မတည်ပေးသွားမည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (အရှေ့ပိုင်း)သမဝါယမ အသင်းစုချုပ်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးတို့က စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာလုပ်ငန်းတို့အတွက်အတိုးနှုန်းချိုသာစွာဖြင့် ငွေကြေးထုတ်ချေးပေးခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေကြောင်း ရှင်းလင်းခဲ့သည်။

ထို့နောက်ထုတ်ချေးမည့် အစီအစဉ်နှင့်ပတ်သက်၍ ဆန္ဒသဘောထားများကိုဆွေးနွေးခဲ့ကြသည်။ယခုချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကို ချေးငွေမရသေးသည့်အသင်းဝင်များအတွက် ဦးစားပေးထုတ်ချေးမည်ဖြစ်ပြီး အတိုးနှုန်း ၁ ကျပ် ၈ ပြားနှုန်းဖြစ်ကြောင်း သိရသည်။ **တွဲဖက်ပြည်နယ်(ပြန်/ဆက်)**

## ပန်ဝါမြို့နယ်ခွဲ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ပန်ဝါ၊ အောက်တိုဘာ ၂**

ကချင်ပြည်နယ်၊ ပန်ဝါမြို့နယ်ခွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်အဆင့်(၆) စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်မှုအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက ပန်ဝါမြို့ရှိ ကုန်သွယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပြည်နယ်မှူး ဦးဝင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ဒေသခံ ၇၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့ရာ ရပ်မိရပ်ဖ ဦးလဝွေဘောမ်လန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# အရည်အသွေးကောင်း စပါးမျိုးစေ့ ထုတ်လုပ်မှုနည်းပညာ လက်တွေ့သင်တန်း မြောင်းမြခရိုင်တွင်ဖွင့်လှစ်

**မြောင်းမြ၊ အောက်တိုဘာ ၂**

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနမှ ကြီးမှူး၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ လပွတ္တာ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့နယ်များမှ တောင်သူလယ်သမားများ အရည်အသွေးကောင်း စပါးမျိုးစေ့ထုတ်လုပ်မှု နည်းပညာ လက်တွေ့သင်တန်းကို စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီက မြောင်းမြမြို့ ဗဟိုစိုက်ပျိုးရေးသုတေသနခြံတွင် ကျင်းပခဲ့သည်။

မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ငြိမ်းနှင့် ဆန်စပါးသုတေသနမှ ဒေါက်တာခင်မောင်သက်၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနေကိုယ်စားလှယ် Dr. Romeo Labios တို့က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတာဝန်ခံ ဒေါက်တာရဲထွန်းက သင်တန်းပြုလုပ်ရခြင်း၏ နောက်ခံအကြောင်းအရင်းနှင့်ရည်ရွယ်ချက်များကိုပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် အရည်အသွေးကောင်း မျိုးစေ့စံနှုန်းများ၊ စပါးပင်၏ ရုပ်သွင်လက္ခဏာနှင့် အပင်ကြီးထွားမှုအဆင့်ဆင့်၊ မြေပြုပြင်ခြင်း၊ ပျိုးခင်းပျိုးထောင်ခြင်းနှင့် စပါးစိုက်ပျိုးနည်းစနစ်များ၊ အပင်အာဟာရဓာတ် စနစ်တကျစီမံခန့်ခွဲမှု သင်ခန်းစာများ၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်း အခြေခံအသိပညာများ၊ မြေဩဇာနှုန်းထား တွက်ချက်နည်းစနစ်နှင့် အသုံးချပညာရပ်၊ သီးနှံအစိုဓာတ်နှင့် ရိတ်သိမ်းချိန်လွန် လုပ်ငန်းများအရေးပါမှုအကြောင်းတို့ကို တာဝန်ရှိသူများက စာတွေ့လက်တွေ့ သင်ကြားခြင်း၊ ပရိုဂျက်တာဖြင့် သင်ကြားပြသခြင်းများကို စက်တင်ဘာ ၂၉ မှ အောက်တိုဘာ ၃ ရက်အထိ ပို့ချ သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးမြို့နယ်များမှ တောင်သူလယ်သမား ၅၀ တို့တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

